# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်

# (၁၁) ကြိမ်မြောက် ပုံမှန်အစည်းအဝေး

# တတိယနေ့ မှတ်တမ်း



| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁ | ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း | ၁ |
| ၂ | ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း | ၁ |
| ၃ | ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း | ၂ |
| ၄ | ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို မှတ်တမ်း တင်ခြင်း | ၃ |
| ၅ | လယ်ယာမြေထောက်ပံ့ကြေး နည်းပါးစွာရရှိခဲ့သူများအတွက် တန်ဖိုးနည်း အိမ်ရာမြေကွက်များ ဖော်ထုတ်ရောင်းချပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း | ၃ |
| ၆ | ကညင်ကောက်-ဒါးက လျှပ်စစ်မြစ်ရေတင်စီမံကိန်းအား အပြီးဖျက်သိမ်း၍ လယ်ယာမြေများ ပြန်လည် ဖော်ထုတ်ပြီး မူလတောင်သူများအား ပြန်လည် ချထားပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့် မေးခွန်း | ၅ |
| ၇ | လပွတ္တာမြို့နယ်၊ ဆင်ခြေရာကျေးရွာအုပ်စုနှင့် သင်္ကန်းကြီးကျေးရွာ အုပ်စုတွင်ရှိသော သာပေါင်း စက္ကူစက်ရုံမှ သိမ်းဆည်းထားသော သင်္ကန်းလေးဆားကွင်းအား ၂၉-၁၂-၂၀၁၅ ရက်နေ့တွင် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနသို့ ပြန်လည်အပ်နှံခဲ့ရာ မူလပိုင်ရှင်လယ်သမား များက မိမိတို့ လယ်ယာမြေများကို တရားဝင်ပုံစံ(၇)နှင့်အညီရရှိအောင် သက်ဆိုင်ရာမှ မည်သို့ဆောင်ရွက်ပေးမည်ကို သိလိုခြင်းနှင့်စပ်လျဉ်း သည့်မေးခွန်း | ၈ |
| ၈ | နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ နန်းယွန်းမြို့နယ်၊ ယူဝရပ်ကွက်ရှိ မူလတန်းကျောင်းဝန်းဧရိယာအားသိုင်ယောင်းချောင်း ရေတိုက်စားခြင်းမှ ကာကွယ်နိုင်ရန်အတွက် ကမ်းထိန်းနံရံတည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း | ၁၁ |
| ၉ | ထားဝယ်-မြိတ်ရထားလမ်းဖောက်လုပ်ရေးစီမံကိန်းတွင် ပါဝင်သွားသော မြေယာများအတွက် မြေယာ လျော်ကြေးပေးအပ်ရန် သို့မဟုတ် ရထားလမ်းအဖြစ် ဆက်လက်အသုံးမပြုသည့် ထိုမြေယာများကို မူလလက်ရှိထားလုပ်ကိုင်ခဲ့သည့် တောင်သူလယ်သမားများလက်သို့ ပြန်လည်ပေးအပ်ရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း | ၁၂ |

၁၀ ရန်ကုန်ဆိပ်ကမ်း၊ သင်္ဘောဆိုက်ကပ်မှု ကုန်ကျစရိတ်မြင့်မားနေ၍ ပို့ကုန်မြှင့်တင်ရန် အခက်အခဲ ဖြစ်ပေါ်ခြင်း၊ သွင်းကုန်များ ဈေးကြီးမြင့်စေခြင်းတို့ ကြုံတွေ့နေရသဖြင့် သင်္ဘောဆိုက်ကပ်မှု ကုန်ကျစရိတ် လျှော့ချပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း ၁၅

၁၁ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပေးပို့လာသော တံတားကြီးများဥပဒေကြမ်းကို လက်ခံရရှိကြောင်း လွှတ်တော်သို့အသိပေးခြင်း၊ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ တင်သွင်းခြင်းနှင့် ပြင်ဆင်ချက် အဆို တင်သွင်းလိုသည့် ကိုယ်စားလှယ်များအမည်စာရင်း တင်သွင်းနိုင်ကြောင်း လွှတ်တော်သို့တင်ပြခြင်း ၁၈

၁၂ ဒေါက်တာသန်းအောင်စိုး၊ မင်းလှမဲဆန္ဒနယ်က လူနှင့်တိရစ္ဆာန်များတွင် ခွေးရူးရောဂါဖြစ်ပွားမှု လျော့နည်းကျဆင်းရေးအတွက် ဌာနဆိုင်ရာများ၊ ပြည်တွင်းပြည်ပအဖွဲ့အစည်းများ အားလုံး ပူးပေါင်းလျက် စီမံချက် ချမှတ်ရေးဆွဲပြီးဆောင်ရွက်ရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုတင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန်သင့်/မသင့် အဆုံးအဖြတ်ရယူခြင်း ၂၉

၁၃ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်(၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး တတိယနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး စတုတ္ထနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း ၃၄

# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး

## တတိယနေ့ အစီအစဉ်

## [ ၂၃-၁-၂၀၁၉ ] (ဗုဒ္ဓဟူးနေ့) နံနက် ၁၀ နာရီ

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး တတိယနေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ အတွက် ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ကြယ်ပွင့်ပြထားသည့်အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း-

(က) ဦးသန့်ဇင်ထွန်း၊ ဒက္ခိဏသီရိ မဲဆန္ဒနယ်၏ **လယ်ယာမြေထောက်ပံ့ကြေး နည်းပါးစွာရရှိခဲ့သူများအတွက် တန်ဖိုးနည်းအိမ်ရာမြေကွက်များ ဖော်ထုတ်ရောင်းချပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဦးသိန်းထွန်း၊ ကျောင်းကုန်း မဲဆန္ဒနယ်၏ **ကျောင်းကုန်းမြို့နယ်၊ ကညင်ကောက်-ဒါးက လျှပ်စစ်မြစ်ရေတင်စီမံကိန်းအား အပြီး ဖျက်သိမ်း၍ လယ်ယာမြေများ ပြန်လည်ဖော်ထုတ်ပြီး မူလ တောင်သူများအား ပြန်လည်ချထားပေးရန် အစီအစဉ် ရှိ၊မရှိ** နှင့် စပ်လျဉ်းသည့်မေးခွန်း၊

(ဂ) ဒေါက်တာဦးအေးကြူ၊ လပွတ္တာ မဲဆန္ဒနယ်၏ **လပွတ္တာမြို့နယ်၊ ဆင်ခြေရာကျေးရွာအုပ်စုနှင့် သက်န်းကြီးကျေးရွာ အုပ်စုတွင်ရှိသော သာပေါင်းစက္ကူစက်ရုံမှ သိမ်းဆည်းထားသော သက်န်းလေးဆားကွင်းအား ၂၉-၁၂-၂၀၁၅ ရက်နေ့ တွင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ ပြန်လည်အပ်နှံခဲ့ရာ မူလပိုင်ရှင်လယ်သမားများက မိမိတို့လယ်ယာမြေများကို တရားဝင်ပုံစံ(၇) နှင့် အညီရရှိအောင် သက်ဆိုင်ရာမှ မည်သို့ဆောင်ရွက် ပေးမည်ကို သိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဦးဝမ်းလှ၊ နန်းယွန်း မဲဆန္ဒနယ်၏ **နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ နန်းယွန်းမြို့နယ်၊ ယူဝရပ်ကွက်ရှိ မူလတန်းကျောင်းဝန်းဧရိယာအား သိုင်းယောင်းချောင်းရေ တိုက်စားခြင်းမှ ကာကွယ်နိုင်ရန်အတွက် ကမ်းထိန်းနံရံတည်ဆောက်ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(င) ဦးညဏ်လင်း၊ ရွှေပြည်သာ မဲဆန္ဒနယ်၏ **ရွှေပြည်သာမြို့နယ်၊ မြန်မာ့စာတိုက်လုပ်ငန်း အဆောက်အဦသည် အများပြည်သူနှင့် ဆက်သွယ်ရေးဝန်ထမ်းများ အတွက် အန္တရာယ်ရှိ အဆောက်အဦအဆင့်သို့ ရောက်ရှိနေပါသဖြင့် ခေတ်မီမြန်မာ့စာတိုက်နှင့် ဆက်သွယ်ရေးလုပ်ငန်း အဆောက်အဦသစ်တစ်လုံးကို အမြန်ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** တို့နှင့် စပ်လျဉ်းသည့်မေးခွန်း၊

(စ) ဦးအောင်စိန်၊ ထားဝယ် မဲဆန္ဒနယ်၏ **ထားဝယ်-မြိတ် ရထားလမ်းဖောက်လုပ်ရေးစီမံကိန်းတွင် ပါဝင်သွားသော မြေယာများအတွက် မြေယာလျော်ကြေးပေးရန် သို့မဟုတ် ရထားလမ်းအဖြစ် ဆက်လက် အသုံးမပြုသည့် ထိုမြေယာများကို မူလလက်ရှိထားလုပ်ကိုင်ခဲ့သည့် တောင်သူလယ်သမားများလက်သို့ ပြန်လည်ပေးအပ်ရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဆ) ဦးအောင်ကျော်ကျော်ဦး၊ လှိုင် မဲဆန္ဒနယ်၏ **ရန်ကုန်ဆိပ်ကမ်း၊ သဘော်ာဆိုက်ကပ်မှု ကုန်ကျစရိတ်မြင့်မားနေ၍ ပို့ကုန်မြှင့်တင်ရန် အခက်အခဲဖြစ်ပေါ်ခြင်း၊ သွင်းကုန်များ ဈေးကြီးမြင့်စေခြင်းတို့ ကြုံတွေ့နေရသဖြင့် သဘော်ာဆိုက်ကပ်မှု ကုန်ကျစရိတ်လျှော့ချပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့်မေးခွန်း၊

၆။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့လာသော **"တံတားကြီးများ ဥပဒေကြမ်း"** ကို လက်ခံရရှိကြောင်း လွှတ်တော်သို့ အသိပေးခြင်း၊ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ တင်သွင်းခြင်းနှင့် ပြင်ဆင်ချက် အဆို တင်သွင်းလိုသည့် ကိုယ်စားလှယ်များအမည်စာရင်း တင်သွင်းနိုင်ကြောင်း လွှတ်တော်သို့ တင်ပြခြင်း၊

၇။ ဒေါက်တာဦးသန်းအောင်စိုး၊ မင်းလှ မဲဆန္ဒနယ်က **" လူနှင့်တိရစ္ဆာန်များတွင် ခွေးရူးရောဂါဖြစ်ပွားမှု လျော့နည်းကျဆင်းရေးအတွက် ဌာနဆိုင်ရာများ၊ ပြည်တွင်းပြည်ပအဖွဲ့အစည်းများ အားလုံးပူးပေါင်းလျက် စီမံချက်ချမှတ်ရေးဆွဲပြီးဆောင်ရွက်ရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း"** အဆို တင်သွင်းခြင်း နှင့်လက်ခံဆွေးနွေးရန် သင့်မသင့် အဆုံးအဖြတ် ရယူခြင်း၊

၈။ အဆိုကို ပြည်သူ့လွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းအဆိုကို လက်ခံဆွေးနွေးရန် မရှိကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း၊

**(သို့မဟုတ်)**

လက်ခံဆွေးနွေးရန် ဆုံးဖြတ်သော အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း၊

၉။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး တတိယနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး စတုတ္ထနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး
# တတိယနေ့မှတ်တမ်း

## ၁၃၈၀ ပြည့်နှစ်၊ ပြာသိုလပြည့်ကျော် ၃ ရက်
## (၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၂၃ ရက်)
## (ဗုဒ္ဓဟူးနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး တတိယနေ့ကို နံနက် ၁၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး တတိယနေ့ အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက်သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက် နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး တတိယနေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော် အခွင့်အရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ၄၃၃ ဦးရှိသည့်အနက် ၃၈၃ ဦးတက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက် ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၈၈.၄၅ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**မူကြမ်း**

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၃ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၄ ဖြစ်ပါတယ်။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန်ဖြစ်ပါတယ်။

**ဒေါက်တာလှမိုး(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၂၃ ရက်နေ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး တတိယနေ့သို့ မတက်ရောက်နိုင်ပါသဖြင့် ခွင့်ပန်ကြားသူ လွှတ်တော်ကိုယ်စားလှယ်များ၏ကိုယ်စား ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီအတွင်းရေးမှူး ကျွန်တော် ဒေါက်တာလှမိုး၊ အောင်မြေသာစံမဲဆန္ဒနယ်က ကိုယ်စားခွင့်ပန်ကြားသွားမှာဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်မှာ ယနေ့တက်ရောက်ခွင့်ရှိသော ကိုယ်စားလှယ် ၄၃၃ ဦးရှိပြီး တက်ရောက်သူ ကိုယ်စားလှယ် ၃၈၃ ဦးရှိကာ ယနေ့ခွင့်ပန်ကြားသူ ၂၀ ဦးရှိပါတယ်။ ခွင့်ပန်ကြားသူကိုယ်စားလှယ်များကတော့-

(၁) ညောင်ဦးမဲဆန္ဒနယ်မှ ဦးစော ခွင့် ၂ ရက်၊
(၂) မြန်အောင်မဲဆန္ဒနယ်မှ ဦးခင်မောင်လတ် ခွင့် ၂ ရက်၊
(၃) ကလောမဲဆန္ဒနယ်မှ ဒေါ်ပြုံးကေသီနိုင် ခွင့် ၂ ရက်၊
(၄) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်ချုပ်သန်းထွတ်သိန်း ခွင့် ၁ ရက်၊
(၅) ရေးမဲဆန္ဒနယ်မှ ဒေါက်တာဦးအောင်ထွန်းခိုင်(ခ)ဦးချိန်ဝင်း ခွင့် ၁၄ ရက်၊
(၆) ဒိုက်ဦးမဲဆန္ဒနယ်မှ ဦးဘုန်းမြင့်အောင် ခွင့် ၁ ရက်၊
(၇) ရွှေပြည်သာမဲဆန္ဒနယ်မှ ဦးဉာဏ်လင်း ခွင့် ၁ ရက်၊
(၈) ပြင်ဦးလွင်မဲဆန္ဒနယ်မှ ဒေါက်တာအောင်ခင် ခွင့် ၁ ရက်၊
(၉) သုံးခွမဲဆန္ဒနယ်မှ ဒေါ်စုစုလွင် ခွင့် ၁ ရက်၊
(၁၀) နမ့်စမ်မဲဆန္ဒနယ်မှ ဦးဌေးလွင်(ခ)ဦးဒီလုံး ခွင့် ၁ ရက်၊
(၁၁) ဟိုပုန်းမဲဆန္ဒနယ်မှ ဦးခွန်အောင်ကျော် ခွင့် ၁ ရက်၊
(၁၂) အင်ဂျန်းယန်မဲဆန္ဒနယ်မှ ဦးလမာနော်အောင် ခွင့် ၁ ရက်၊
(၁၃) ရှားတောမဲဆန္ဒနယ်မှ ဒေါ်ဝင့်ဝါထွန်း ခွင့် ၃ ရက်၊
(၁၄) တောင်ကုတ်မဲဆန္ဒနယ်မှ ဒေါ်နီနီမေမြင့် ခွင့် ၃ ရက်၊
(၁၅) တနင်္သာရီမဲဆန္ဒနယ်မှ ဦးအောင်ကျော်ဟိန်း ခွင့် ၁ ရက်၊
(၁၆) လမ်းမတော်မဲဆန္ဒနယ်မှ ဦးခင်မောင်ဝင်း ခွင့် ၁ ရက်၊
(၁၇) ဒီပဲယင်းမဲဆန္ဒနယ်မှ ဦးဝင်းမြင့်အောင် ခွင့် ၃ ရက်၊
(၁၈) ဆီဆိုင်မဲဆန္ဒနယ်မှ ဦးခွန်သန်းထူး ခွင့် ၁ ရက်၊

**မူကြမ်း**

(၁၉) ကွမ်းခြံကုန်းမဲဆန္ဒနယ်မှ ဦးစိုးသူရထွန်း ခွင့် ၁ ရက်နှင့်

(၂၀) ကြည့်မြင်တိုင်မဲဆန္ဒနယ်မှ ဦးဇော်ဝင်း ခွင့် ၃ ရက်တို့ဖြစ်ကြပါတယ်။ ယခင်ခွင့်ပန်ကြားသူ ၃၀ ဦး၊ ယနေ့ခွင့်ပန်ကြားသူ ၂၀ ဦး စုစုပေါင်း ခွင့်ပန်ကြားသူ ၅၀ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါကြောင်းနှင့် အထက်ပါ ကိုယ်စားလှယ်များ၏ ခွင့်ပန်ကြားမှုအား ခွင့်အဖြစ် ခွင့်ပြုပေးပါရန် လေးစားစွာဖြင့် ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၃၃ ဦး၊ ယခင်ကခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၃၀ ဦး၊ ယနေ့ခွင့်ပြုထားသူ ၂၀ ဦးဖြစ်၍ လွှတ်တော်က ခွင့်ပြုထားသူ စုစုပေါင်း ၅၀ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခုလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေတင်ပြချက်ကို အတည်ပြုမှတ်တမ်းတင်ရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များအစည်းအဝေးတက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၅ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများမေးမြန်းဖြေကြားခြင်း အစီအစဉ် စတင်ဆောင်ရွက်ပါမယ်။

### လယ်ယာမြေ ထောက်ပံ့ကြေးနည်းပါးစွာရရှိခဲ့သူများအတွက် တန်ဖိုးနည်းအိမ်ရာမြေကွက်များ ဖော်ထုတ်ရောင်းချပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ ဒက္ခိဏသီရိမဲဆန္ဒနယ်မှ ဦးသန့်ဇင်ထွန်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးသန့်ဇင်ထွန်း(ဒက္ခိဏသီရိမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာပါ။ ကျွန်တော်ကတော့ ဒက္ခိဏသီရိမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန့်ဇင်ထွန်း ဖြစ်ပါတယ်။ လေးစားရပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ နေပြည်တော်မြို့သစ်စီမံကိန်း အကောင်အထည်ဖော်ရာမှာ ဒေသခံတောင်သူများထံမှ ရွာမြေ၊ လယ်ယာမြေနှင့် အခြားမြေအမြောက်အမြားကို တပ်မတော်အစိုးရက သိမ်းဆည်းခဲ့ပါတယ်။ ရွာမြေသိမ်းဆည်းခံရသော ပြည်သူများအတွက် ရပ်ကွက်

အသစ်များဖော်ထုတ်၍ ပြန်လည်နေရာချထားပေးခဲ့ပါတယ်။ လယ်ယာမြေနှင့်အခြားမြေ သိမ်းဆည်းခံခဲ့ရတဲ့ အချို့တောင်သူများလည်း မြေယာထောက်ပံ့ကြေးအပြင် မြို့မြေကွက်များ ရရှိခဲ့ကြပါတယ်။ တောင်သူအများစုမှာ ဦးပိုင်ပေါက်လယ်အတွက် တစ်ဧက သုံးသိန်းခွဲနှုန်း၊ ယာအတွက် တစ်ဧက နှစ်သိန်းခွဲနှုန်းနဲ့ သစ်တောကျူးလယ်အတွက် တစ်ဧက နှစ်သိန်းနှုန်း၊ ယာအတွက် တစ်သိန်းနှုန်း မြေယာထောက်ပံ့ကြေးသာ ရရှိခဲ့ကြပါတယ်။ နေပြည်တော်ရှိ သိမ်းဆည်းခံမြေများဟာ မြို့မြေများအဖြစ် သတ်မှတ်ပြီးဖြစ်နေသောကြောင့် တောင်သူများအား ပြန်လည်စွန့်လွှတ်ရန် အခက်အခဲများ ရှိနေပါတယ်။ သိမ်းဆည်းခံတောင်သူများအတွက် နစ်နာမှုမရှိစေဖို့ နည်းလမ်းသစ်များနဲ့ ဖြေရှင်းဆောင်ရွက်ပေးရန် လိုအပ်နေပါတယ်။ နေပြည်တော်မြို့သစ်စီမံကိန်းကြီးမှာ ကုမ္ပဏီကြီးများ၊ တပ်မတော်သားများနဲ့ ဝန်ထမ်းများအတွက် မြို့မြေကွက်အမြောက်အမြားကို ခွဲဝေချထားပေးခဲ့ပါတယ်။ ပြည်သူများဝယ်ယူရန် မြေကွက်တန်ဖိုး ကျပ်သိန်းနှစ်ဆယ်၊ သုံးဆယ် သတ်မှတ်ရောင်းချခဲ့သော်လည်း ရိုးသားတဲ့ပြည်သူများဝယ်ယူရန် မြေကွက်မရှိခဲ့ပါဘူး။ ကျေးလက်နေပြည်သူတို့အတွက် စိုက်ပျိုးမြေနည်းပါးလာခြင်းကြောင့် ရွာမြေများ မချဲ့နိုင်ခဲ့ပါ။ တိုးပွားလာတဲ့လူဦးရေတို့ကြောင့် ဒေသခံပြည်သူတို့အတွက် အိမ်ရာမြေကွက်များ လိုအပ်လျက်ရှိနေပါတယ်။ သိမ်းဆည်းခံတောင်သူများက ယခုအခါ ထောက်ပံ့ကြေးရရှိမှု နည်းပါးခဲ့ခြင်းကြောင့် ထပ်မံရရှိလိုမှုများ တင်ပြနေကြပြီး အကောင်အထည်မဖော်သောမြေများအတွင်း ကျူးကျော်ထွန်ယက်စိုက်ပျိုးမှုများလည်း ရှိနေပါတယ်။ အချို့ မြေဝယ်ခွင့်ရရှိသူများနှင့် တောင်သူများအကြား တရားစွဲဆိုရင်ဆိုင်နေရမှုများလည်း ရှိနေပါတယ်။ လယ်ယာမြေထောက်ပံ့ကြေးနည်းပါးစွာရရှိခဲ့သူများအတွက် တန်ဖိုးနည်းအိမ်ရာမြေကွက်များ ဖော်ထုတ်ရောင်းချပေးပါက ဒေသခံပြည်သူတို့အတွက် အိမ်ရာမြေကွက်လိုအပ်ချက်နှင့် အခြားပြဿနာများ ပြေလည်လျော့ပါးသွားမှာဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် အောက်ပါမေးခွန်းကို သက်ဆိုင်ရာသို့ မေးမြန်းအပ်ပါတယ်။ လယ်ယာမြေထောက်ပံ့ကြေး နည်းပါးစွာရရှိခဲ့သူများအတွက် တန်ဖိုးနည်းအိမ်ရာမြေကွက်များ ဖော်ထုတ်ရောင်းချပေးရန် အစီအစဉ်ရှိ/မရှိကို ရိုသေစွာမေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ နေပြည်တော်ကောင်စီက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးညီထွန်း(ကောင်စီဝင်၊ နေပြည်တော်ကောင်စီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ မင်္ဂလာပါလို့ ဦးစွာပထမနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ နေပြည်တော်ကောင်စီဝင် ဦးညီထွန်း ဖြစ်ပါတယ်။ ယခု တင်ပြပါ ဒက္ခိဏသီရိမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန့်ဇင်ထွန်း၏ လယ်ယာမြေထောက်ပံ့ကြေး နည်းပါးစွာရရှိခဲ့သူများအတွက် တန်ဖိုးနည်းအိမ်ရာမြေကွက်များ ဖော်ထုတ်ရောင်းချပေးရန် အစီအစဉ်ရှိ/မရှိမေးခွန်းနှင့်စပ်လျဉ်း၍ ဖြေကြားတင်ပြသွားမှာဖြစ်ပါတယ်။ နေပြည်တော်ကို မြို့တော်အဖြစ် စတင်တည်ဆောက်ချိန်က တည်ဆောက်ရေးဇရိယာနှင့် ကင်းလွတ်မှုမရှိသောကျေးရွာများမှ အိမ်ထောင်စုများကို အဆောက်အဦလျော်ကြေးများ၊ ပြောင်းရွှေ့စရိတ်ပေးလျော်မှုများဖြင့် မြို့ကွက်သစ်၊ ရပ်ကွက်သစ်များဖော်ထုတ်ပြီး ပြောင်းရွှေ့နေရာချထားပေးခြင်း

များကို ဆောင်ရွက်ခဲ့ပြီးဖြစ်ပါတယ်။ ထို့အပြင် နေပြည်တော်တည်ဆောက်ရေးစီမံကိန်းဧရိယာအတွင်းမှာပါဝင်တဲ့ လယ်ယာမြေများအတွက် လယ်ယာမြေလျော်ကြေးများကိုလည်း တွက်ချက်ပြီးပေးခဲ့ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီးတင်ပြတဲ့အတိုင်း လယ်ယာမြေဥပဒေ ၂၀၁၂ ခုနှစ်မထုတ်ပြန်မီကာလက ဦးပိုင်ပေါက်လယ်မြေတစ်ဧကအတွက် သုံးသိန်းငါးသောင်းနှုန်း၊ ဦးပိုင်ပေါက်ယာမြေတစ်ဧကအတွက် နှစ်သိန်းငါးသောင်းနှုန်းဖြင့် ပေးလျော်ခဲ့ပြီးဖြစ်ပါတယ်။ လယ်ယာမြေဥပဒေ ၂၀၁၂ ခုနှစ် ထုတ်ပြန်ပြီးနောက်ပိုင်းမှာတော့ သက်ဆိုင်ရာမြေယာနှင့် သီးနှံလျော်ကြေးတွက်ချက်ပေးရေးအဖွဲ့များနှင့် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့တို့ရဲ့ အဆိုပါဥပဒေနှင့်အညီ တွက်ချက်ပေးတဲ့အတိုင်း ပေးလျော်မှုများ ဆောင်ရွက်ခဲ့ပြီးဖြစ်ပါတယ်။ နေပြည်တော်တည်ဆောက်ရေးစီမံကိန်းကြောင့် မူလနေထိုင်ရာကျေးရွာများမှ မြို့ကွက်သစ်၊ ရပ်ကွက်သစ်များသို့ ပြောင်းရွှေ့နေရာချထားပေးပြီးဖြစ်သော်လည်း ၎င်းကာလရဲ့နောက်ပိုင်းမှာ အိမ်ထောင်ကျပြီးအိမ်ခွဲသူများ လယ်ယာမြေသိမ်းဆည်းခံရမှုကြောင့် မိသားစုနေထိုင်ရေးအခက်အခဲရှိသော အိမ်ထောင်စုများ နေထိုင်နိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ပေးရန်တင်ပြခြင်းများကို စိစစ်ပြီးတော့ နေပြည်တော်စည်ပင်သာယာရေးကော်မတီမှ အိမ်ရာစီမံကိန်းများ၊ မြေကွက်စီမံကိန်းများ ဖော်ဆောင်ချိန်မှာ ဆောင်ရွက်ပေးနိုင်ရန်အတွက် မှတ်တမ်းတင်ထားရှိပါကြောင်း တင်ပြလိုပါတယ်။ နေပြည်တော်စည်ပင်သာယာရေးကော်မတီအနေနဲ့ မြေကွက်စီမံကိန်းများ၊ အိမ်ရာစီမံကိန်းများဖော်ဆောင်ရန် စီစဉ်လျက်ရှိပါကြောင်းနှင့် အမှန်တကယ်နေထိုင်မယ့်မိသားစုများ၊ အမှန်တကယ်နစ်နာပြီးတော့ အခက်အခဲရှိသောမိသားစုများကို ဦးစားပေးနေရာချထားနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားတင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ နေပြည်တော်ကောင်စီဝင် ပြန်လည်ထွက်ခွာနိုင်ပါပြီ။

**ကညင်ကောက်-ဒါးက လျှပ်စစ်မြစ်ရေတင်စီမံကိန်းအား အပြီးဖျက်သိမ်း၍ လယ်ယာမြေများ ပြန်လည်ဖော်ထုတ်ပြီး မူလတောင်သူများအား ပြန်လည်ချထားပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့် မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ကျောင်းကုန်းမဲဆန္ဒနယ်မှ ဦးသိန်းထွန်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးသိန်းထွန်း(ကျောင်းကုန်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့်ဝင်များ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံကြပါလို့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်က ဧရာဝတီတိုင်းဒေသကြီး၊ ကျောင်းကုန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းထွန်းဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ကညင်ကောက်-ဒါးက လျှပ်စစ်မြစ်ရေတင်စီမံကိန်းအား အပြီးဖျက်သိမ်း၍ လယ်ယာမြေများ ပြန်လည်ဖော်ထုတ်ပြီး မူလတောင်သူများအား ပြန်လည်ချထားပေးရန် ဆောင်ရွက်ပေးနိုင်ခြင်းရှိ/မရှိ သိရှိလိုကြောင်းမေးခွန်းကို မေးမြန်းသွားမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဧရာဝတီတိုင်းဒေသကြီး၊ ကျောင်းကုန်းမြို့နယ်၊ ကညင်ကောက်-ဒါးက လျှပ်စစ်မီးမြစ်ရေတင်စီမံကိန်း အကျိုးပြုဧက ၉၀၀၀ အား ၂၀၀၄ ခုနှစ်၊ ဒီဇင်ဘာလ ၁ ရက်နေ့မှစတင်ပြီး အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ စီမံကိန်းဆောင်ရွက်စဉ်ကာလမှာ လျှပ်စစ်ဓာတ်အား

ရရှိမှုအခက်အခဲကြောင့် ၂၀၀၉-၂၀၁၀ ခုနှစ်မှစ၍ ရပ်နားထားခဲ့ပြီး မြစ်ရေတင်စီမံကိန်းဆောင်ရွက်ရာတွင် ရေပေးမြောင်းဖောက်လုပ်ရာ၌ အသုံးပြုခဲ့သည့် မြေဧရိယာစုစုပေါင်း ၃၈၇.၇၅ ဧကအနက်မှ ဖို့မြေယူခဲ့တဲ့ ဧရိယာ ၁၇၅.၁၇ ဧကအား မူလပိုင်ရှင်တောင်သူများသို့ စိုက်ပျိုးမြေအဖြစ် အသုံးပြုနိုင်ရန် ပြန်လည်ပေးအပ်ခဲ့ပြီးဖြစ်ပါတယ်။

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေးမှာ မေးမြန်းခဲ့တဲ့ ကြယ်ပွင့်ပြမေးခွန်းအားဖြေကြားရာ၌ ၈-၆-၂၀၁၆ ရက်နေ့မှာ ဌာနမှဧရာဝတီတိုင်းဒေသကြီး ဦးစီးဦးဆောင်သောအဖွဲ့ဖြင့် စီမံကိန်းဒေသသို့ ကွင်းဆင်းစစ်ဆေးပြီး ဒေသခံတောင်သူများနှင့် တွေ့ဆုံ၍ မြစ်ရေတင်စီမံကိန်းအား ဆောင်ရွက်ရန် သဘောထားဆန္ဒများရယူခြင်းဆောင်ရွက်ခဲ့ရာ ဒေသခံတောင်သူများမှ မြစ်ရေတင်စီမံကိန်းဆက်လက်ဆောင်ရွက်ပေးရန် ဆန္ဒမရှိကြဘဲ ၎င်းတို့ဆုံးရှုံးခဲ့သည့်မြေယာများကိုသာ ပြန်လည်ရယူလိုကြောင်း သဘောထားဆန္ဒတင်ပြခဲ့ပါတယ်။ ဌာနမှတောင်သူများ၏ ဆန္ဒအရ မြစ်ရေတင်စီမံကိန်းအား ဆက်လက်ဆောင်ရွက်ခြင်းမပြုတော့ကြောင်းနှင့် ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်(Climate Change)အရ မုတ်သုံအဝင်နောက်ကျခြင်း၊ မုတ်သုံအထွက်စောခြင်း၊ မိုးခေါင်ခြင်းများဖြစ်ပေါ်ပြီး စီမံကိန်းဒေသရေလိုအပ်ချိန်တွင် ၁၀၀၀ ဧက အသင့်ရေပေးဝေနိုင်ရေးအတွက် စီမံကိန်း၏ရေသောက်စနစ်အခိုင်အမာပြည့်စုံစွာဆောင်ရွက်ပြီးအပိုင်းဖြစ်တဲ့ လက်တံ(၁)မြောင်းနှင့် လက်တံ(၂)မြောင်းကိုသာ ပြင်ဆင်ထိန်းသိမ်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ အဆိုပါရေသောက်စနစ်ပြည့်စုံစွာ တည်ဆောက်ပြီးဖြစ်သည့် လက်တံ(၁)မြောင်း၊ လက်တံ(၂)မြောင်း စုစုပေါင်း ဧက ၁၀၀၀ အတွက် စီမံကိန်းမှာအသုံးပြုခဲ့သည့် မြေဧရိယာ ၉၅.၇၃ ဧကအား နစ်နာကြေးပြန်လည်ပေးအပ်နိုင်ရေး ရန်ပုံငွေလျာထားတောင်းခံ၍ ခွင့်ပြုချက်ရရှိပါက မြေယာနစ်နာကြေးပေးရန် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ စီမံကိန်းဧက ၂၆၀၀ အတွက် ရေပေးမြေသားမြောင်းသာ တည်ဆောက်ရာတွင် မြေယာဆုံးရှုံးခဲ့သည့်တောင်သူများ၏ မြေယာများကိုလည်း မူလအတိုင်းအနီးစပ်ဆုံး ပြန်လည်ပြုပြင်၍ မူလပိုင်ရှင်တောင်သူများသို့ လွှဲပြောင်းပေးအပ်ခြင်းကိုလည်း ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးမှ ပြန်လည်ဖြေကြားခဲ့ပါတယ်။ အဆိုပါဖြေကြားချက်နှင့်ပတ်သက်၍ မြို့နယ်အထွေထွေဦးစီးဌာနရုံးတွင် တောင်သူများနှင့်တွေ့ဆုံဆွေးနွေးရာ တောင်သူများမှ မြေယာလျော်ကြေးရယူရန် ဆန္ဒမရှိကြဘဲ မိမိတို့၏လယ်ယာမြေများကိုသာ ပြန်လည်ရယူလိုကြောင်း တင်ပြခဲ့ပါတယ်။ အဆိုပါကိစ္စကို တိုင်းဒေသကြီးအစိုးရအဖွဲ့၊ လယ်ယာစိုက်ပျိုးရေးဝန်ကြီးမှကွင်းဆင်းပြီး တောင်သူများနှင့်တွေ့ဆုံပြီး သဘောထားမှတ်ချက်ရယူခဲ့ရာမှာလည်း တောင်သူများအားလုံးက မြေယာလျော်ကြေးငွေရယူလိုခြင်းမရှိသည့်အပြင် လျှပ်စစ်မြစ်ရေတင်စီမံကိန်းတစ်ခုလုံးအား အပြီးတိုင်ဖျက်သိမ်းပြီး မိမိတို့၏ဆုံးရှုံးခဲ့သော လယ်ယာမြေများကိုသာ ပြန်လည်ရယူလိုကြောင်း တစ်ညီတစ်ညွတ်တည်း ဆန္ဒပြုခဲ့ပါသည်။ သို့ဖြစ်ပါ၍ ဒါးကလျှပ်စစ်မြစ်ရေတင်စီမံကိန်း(ကညင်အောက်)အား အပြီးတိုင်ဖျက်သိမ်းပြီး ပြည်သူများ၏ဆုံးရှုံးသွားခဲ့သော လက်တံ(၁)မြောင်းနှင့်လက်တံ(၂)မြောင်းရှိ စုစုပေါင်းဧက ၁၀၀၀ အတွက် စီမံကိန်းမှာအသုံးပြုခဲ့သည့် မြေဧရိယာ ၉၅.၇၃ ဧကအား မူလတောင်သူများသို့ ပြန်လည်ချထား

ပေးနိုင်ရန်နှင့် စိုက်ပျိုးမြေအဖြစ်အသုံးပြုနိုင်သည်အထိ ဆောင်ရွက်ပေးနိုင်ရန်အစီအစဉ်ရှိ/မရှိ သိရှိလိုကြောင်း မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးလှကျော်(ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ဧရာဝတီတိုင်းဒေသကြီး၊ ကျောင်းကုန်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းထွန်းရဲ့ ဧရာဝတီတိုင်းဒေသကြီး၊ ကျောင်းကုန်းမြို့နယ်၊ ကညင်ကောက်-ဒါးက လျှပ်စစ်မြစ်ရေတင်စီမံကိန်းကို အပြီးဖျက်သိမ်းပြီး လယ်ယာမြေများပြန်လည်ဖော်ထုတ်၍ တောင်သူများအား ပြန်လည်ချထားပေးရန် ဆောင်ရွက်ပေးနိုင်ခြင်းရှိ/မရှိ၊ ယင်းနှင့်စပ်လျဉ်းတဲ့မေးခွန်းအပေါ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ကျွန်တော် ဦးလှကျော်မှ ဖြေကြားပါ့မယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဦးစွာ ဒါးကလျှပ်စစ်မြစ်ရေတင်စီမံကိန်းရဲ့ သမိုင်းကြောင်းလေးကို အနည်းငယ်တင်ပြခွင့်ပြုပါ။ ဒါးကလျှပ်စစ်မြစ်ရေတင်စီမံကိန်းဟာ ပုသိမ်ခရိုင်၊ ကျောင်းကုန်းမြို့နယ်၊ မကျီးပင်ကွင်းကျေးရွာအုပ်စု၊ ကညင်ကောက်ကျေးရွာအနီးမှာတည်ရှိပါတယ်။ မူလက စိုက်ပျိုးမြေ ဧက ၉၀၀၀ ကို မိုးစပါးအပြီး နွေစပါးနဲ့ပဲမျိုးစုံ သီးနှံသီးထပ်စိုက်ပျိုးမှုနဲ့ သုံးသီးစားစနစ် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ဖို့အတွက် မီမံဆောင်ရွက်ခဲ့တဲ့ ရည်ရွယ်တည်ဆောက်ခဲ့တဲ့ စီမံကိန်းဖြစ်ပါတယ်။ အဲဒီမြစ်ရေတင်စီမံကိန်းကို ၂၀၀၄-၂၀၀၅ ဘဏ္ဍာရေးနှစ်ကနေ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်ထိ တည်ဆောက်ရေးလုပ်ငန်းတွေကို ဆောင်ရွက်ခဲ့ပြီးတဲ့နောက် ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်မှာ ရန်ပုံငွေရရှိမှုအခြေအနေနှင့် လျှပ်စစ်ဓာတ်အားရရှိမှုအခက်အခဲကြောင့် ရပ်နားခဲ့ရတဲ့အနေအထားဖြစ်ပါတယ်။

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေးမှာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် တင်ပြသွားသလို ကျောင်းကုန်းမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် မေးမြန်းခဲ့တဲ့ ကြယ်ပွင့်ပြမေးခွန်းအပေါ်မှာ ပြန်လည်ဖြေကြားချက်အရ အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီမှာ ကတိကဝတ်ရှိခဲ့ပြီးလည်းဖြစ်ပါတယ်။ အဆိုပါ လွှတ်တော် ကတိကဝတ်အရ လက်ရှိအကောင်အထည်ဖော် ဆောင်ရွက်ပြီးတဲ့အခြေအနေမှာ ရေသောက်စနစ် ပြည့်စုံစွာ ဆောင်ရွက်ပြီးတဲ့ ဧက ၁၀၀၀ ကိုချန်လှပ်ပြီးတော့ ဧက ၂၆၀၀ အတွက် တည်ဆောက်ထားပြီး မြေသားရေပေးမြောင်းများ ဖျက်သိမ်းခြင်းလုပ်ငန်းကို လွန်ခဲ့တဲ့ ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၂၃ ရက်နေ့မှာစတင်ဆောင်ရွက်ခဲ့ပါတယ်။ ယခုအဲဒီလုပ်ငန်းဟာ ၇၀ ရာခိုင်နှုန်းခန့် ပြီးစီးခဲ့ပြီးတော့ ၂၀၁၉ ခုနှစ်၊ မတ်လအကုန်မှာ အပြီးသတ်ဆောင်ရွက်သွားနိုင်မှာဖြစ်ပါတယ်။ မြေသားရေပေးမြောင်း ဖျက်သိမ်းခြင်း ဆောင်ရွက်ပြီးတဲ့နောက် မူလပိုင်ရှင်တောင်သူတွေကို လယ်မြေဧက ၂၀၅ ကိုမြေညှိပြီး စတင်ပြန်လည်ပေးအပ်သွားနိုင်မှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မူလကရေသောက်စနစ်ပြည့်စုံစွာ ဆောင်ရွက်ပြီးဖြစ်တဲ့ဧက ၁၀၀၀ အတွင်းမှာရှိတဲ့ ရေပေးမြောင်းအသုံးပြုထားတဲ့ လယ်မြေဧက ၉၅.၇၃ ဧကအတွက် မြေယာနစ်နာကြေးပေးဖို့ ဦးစွာစီစဉ်ခဲ့မှုရှိပါတယ်။ ရန်ပုံငွေအရ တောင်းခံခဲ့ရာမှာလည်း ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှာ ရန်ပုံငွေကျပ် ၁၄၃.၅၉၅ သန်း ခွင့်ပြုခွင့်ရရှိခဲ့ပါတယ်။ သို့သော်လည်းပဲ ဧရာဝတီတိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေး၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနနှင့် တောင်သူတွေရဲ့ ၆-၈-၂၀၁၇ ရက်နေ့ တွေ့ဆုံညှိနှိုင်းအစည်းအဝေးမှာ တောင်သူတွေအနေနဲ့ နစ်နာကြေးငွေရယူလိုခြင်းမရှိကြောင်းနှင့် မိမိတို့ရဲ့မူလလယ်မြေကိုသာ ပြန်လည်ရယူစိုက်ပျိုးလိုကြောင်း တင်ပြခဲ့မှုရှိပါတယ်။ သို့ဖြစ်တဲ့အတွက် မြေယာနစ်နာကြေး ကျပ် ၁၄၃.၅၉၅ သန်းကို ပေးအပ်နိုင်ခဲ့ခြင်းမရှိခဲ့ဘဲ ပြီးခဲ့တဲ့ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ပိုလျှံရန်ပုံငွေအဖြစ် နိုင်ငံတော်ကို ပြန်လည်အပ်နှံခဲ့ပါတယ်။

အဆိုပါ ဧက ၁၀၀၀ အတွင်းမှာရှိတဲ့ တောင်သူတွေ မြေပြန်လည်ရယူလိုတဲ့ဧက ၉၅.၇၃ ဧကနှင့်စပ်လျဉ်းပြီး ၂၀၁၈ ခုနှစ် မတ်လအတွင်းမှာ တောင်သူတွေနဲ့တွေ့ဆုံပြီး တစ်ဦးချင်းရဲ့ဆန္ဒသဘောထားရယူခဲ့ကြောင်းသိရပါတယ်။ ကျေးရွာအုပ်စု လေးအုပ်စုမှာရှိတဲ့ တောင်သူ ၂၂၀ ဦးအနက်မှ တောင်သူ ၂၀၉ ဦးအနေနဲ့က စီမံကိန်းကနေရေရယူစိုက်ပျိုးလိုမှုမရှိကြောင်း ဆန္ဒပြုခဲ့ပါတယ်။ တောင်သူတွေရဲ့ တင်ပြချက်အပေါ် ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနတို့ ညှိနှိုင်းဆောင်ရွက်မှုကြောင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ကနေ ၂၀၁၈ ခုနှစ်၊ မေလ ၁ ရက်နေ့ အစည်းအဝေးအမှတ်စဉ်(၁၂/၂၀၁၈) ဆုံးဖြတ်ချက်(၇)အရ စီမံကိန်းကို အပြီးတိုင်ဖျက်သိမ်းဖို့ သဘောတူဆုံးဖြတ်ခဲ့ပြီးတဲ့အတွက် ယခုအခါမှာ စီမံကိန်းဖျက်သိမ်းခြင်းလုပ်ငန်းများကို ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

သို့ဖြစ်တဲ့အတွက် တောင်သူများ ဆုံးရှုံးသွားတဲ့ လက်တံ(၁)မြောင်းနှင့် လက်တံ(၂)မြောင်းမှာရှိတဲ့ စုစုပေါင်း ဧက ၁၀၀၀ အတွက် စီမံကိန်းကနေ ရယူအသုံးပြုခဲ့တဲ့ လယ်ယာမြေဧက ၉၅.၇၃ ဧကကို မူလလယ်မြေများနှင့် အနီးစပ်ဆုံးမြေညှိပြုပြင်ပြီး ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်မှာ မူလပိုင်ရှင်တောင်သူတွေကို ပြန်လည်ပေးအပ်နိုင်ရေး ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**လပွတ္တာမြို့နယ်၊ ဆင်ခြေရာကျေးရွာအုပ်စုနှင့် သက်န်းကြီးကျေးရွာအုပ်စုတွင်ရှိသော သာပေါင်းစက္ကူစက်ရုံမှ သိမ်းဆည်းထားသော သက်န်းလေးဆားကွင်းအား ၂၉-၁၂-၂၀၁၅ ရက်နေ့တွင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ ပြန်လည်အပ်နှံခဲ့ရာ မူလပိုင်ရှင်လယ်သမားများက မိမိတို့လယ်ယာမြေများကို တရားဝင်ပုံစံ(၇)နှင့်အညီရရှိအောင် သက်ဆိုင်ရာမှ မည်သို့ဆောင်ရွက်ပေးမည်ကို သိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ လပွတ္တာမဲဆန္ဒနယ်မှ ဒေါက်တာအေးကြူ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါက်တာအေးကြူ(လပွတ္တာမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ဤအစည်းအဝေးသို့တက်ရောက်လာကြသူအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏

ကျန်းမာခြင်းနှင့် ပြည့်ဝပါစေလို့ ဆုမွန်ကောင်းတောင်းလိုက်ပါတယ်။ ကျွန်တော်ကတော့ ဧရာဝတီတိုင်းဒေသကြီး၊ လပွတ္တာမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာအေးကြူ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တင်ပြမယ့် အကြောင်းအရာကတော့ လပွတ္တာမြို့နယ်၊ ဆင်ခြေရာကျေးရွာအုပ်စုနှင့် သက်န်းကြီးကျေးရွာအုပ်စုတွင်ရှိသော စက်မှုလက်မှုဝန်ကြီးဌာနအောက်ရှိ သာပေါင်းစက္ကူစက်ရုံမှ တာဝန်ယူလုပ်ကိုင်ခဲ့သော သက်န်းလေးဆားကွင်းအား သားပေါင်းစက်ရုံ၏ တာဝန်ရှိသူများက ၂၉-၁၂-၂၀၁၅ ရက်နေ့တွင် ၎င်းတို့သိမ်းဆည်းခဲ့သော ဆားပင်များအား လပွတ္တာမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ ပြန်လည်စွန့်လွှတ်အပ်နှံခဲ့ပါတယ်။ ထို့ကြောင့် စွန့်လွှတ်မြေများအား ကျေးရွာလယ်စစ်များ၊ မြို့နယ်လယ်စစ်များနှင့် ခရိုင်လယ်စစ်များနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များက အကြိမ်ကြိမ်စိစစ်ပြီး မူလတောင်သူဖြစ်သူ ၁၈ ဦးနှင့် တစ်နိုင်တစ်ပိုင်ဆားလုပ်ငန်းလုပ်ကိုင်သူ ၅ ဦးအား စုစုပေါင်း ၂၃ ဦးကို စိစစ်တွေ့ရှိခဲ့ပါတယ်။ တွေ့ရှိချက်နှင့် ဆောင်ရွက်ချက်များကိုလည်း တိုင်းဒေသကြီးအဆင့်ဆင့်၊ လယ်ယာမြေနှင့် အခြားမြေများ၊ အသိမ်းဆည်းခံရသူများ ပြန်လည်စိစစ်ရေးကော်မတီသို့ တင်ပြခဲ့ပါတယ်။

နယ်မြေသို့လည်း ကျွန်တော်နှင့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်၊ ခရိုင်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်စာရင်းစစ်ဦးစီးမှူးတို့ ကွင်းဆင်းလေ့လာခဲ့ကြပါတယ်။ တရားဥပဒေအရ အသိမ်းဆည်းခံရသောလယ်မြေများကို တရားဝင်ပိုင်ဆိုင်ခွင့်ရရှိရန် စက်မှုဝန်ကြီးဌာနမှ ဦးဆောင်၍ သာပေါင်းစက္ကူစက်ရုံမှူးနှင့် လပွတ္တာခရိုင်အုပ်ချုပ်ရေးမှူးများမှ တရားဝင်ဥပဒေလုပ်ထုံးလုပ်နည်းများနှင့် လုပ်ကိုင်ဆောင်ရွက်ပေးမှသာ တရားဝင်ပိုင်ဆိုင်မှုရရှိမည်ဖြစ်၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာသို့အကြောင်းကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးလှကျော်(ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဧရာဝတီတိုင်းဒေသကြီး၊ လပွတ္တာမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာအေးကြူ၏ မေးခွန်းနှင့်စပ်လျဉ်းပြီး ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့ရဲ့ဖြေကြားချက်နှင့်အတူ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ပေါင်းစပ်ရှင်းလင်းဖြေကြားပါမယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ လွှတ်တော်ကိုယ်စားလှယ်ကြီးမေးမြန်းတဲ့ မြေနေရာဟာ လပွတ္တာမြို့နယ်၊ ဆင်ခြေရာကျေးရွာအုပ်စုနှင့် သက်န်းကြီးကျေးရွာအုပ်စုအတွင်းမှာရှိတဲ့ မြေများဖြစ်ပြီး ဆားလုပ်ငန်းကော်ပိုရေးရှင်းအမည်နဲ့ လယ်ယာမြေတွေကို ဆားချက်မြေအဖြစ် အသုံးပြုနိုင်ဖို့ ယခင် ဧရာဝတီတိုင်း

ဒေသကြီး ပြည်သူ့ကော်စီကနေ ၁၉၈၃-၁၉၈၄ မှာ မြေဧရိယာ ၉၂၈.၉၄ ဧကကို လ/န(၃၉) ခွင့်ပြုမိန့်ပေးခဲ့တဲ့ မြေများဖြစ်ပါတယ်။ မြန်မာ့ဆားနှင့် အဏ္ဏဝါဓာတုဗေဒပစ္စည်းထုတ်လုပ်ရေး လုပ်ငန်းကနေ ဆားကွင်းများအဖြစ် ဖော်ထုတ်လုပ်ကိုင်ခဲ့တာ သိရပါတယ်။ အဆိုပါမြေကို ၂၀၀၈-၂၀၀၉ ခုနှစ်ဆားရာသီမှာ အဆင့်မြင့်စက္ကူစက်ရုံ(သာပေါင်း)ကို လွှဲပြောင်းပေးအပ်ခဲ့ပြီးတဲ့နောက် ၂၀၁၂-၂၀၁၃ ခုနှစ်အချိန်အထိ အဆင့်မြင့်စက္ကူစက်ရုံ(သာပေါင်း)မှ ဆက်လက်တာဝန်ယူ လုပ်ကိုင်ခဲ့ပါတယ်။ ၂၀၁၂-၂၀၁၃ ခုနှစ်မှာ အဆိုပါ ဆားကွင်းမြေတွေကို အဆင့်မြင့်စက္ကူစက်ရုံ(သာပေါင်း)မှ ဆားထုတ်လုပ်ခြင်း မပြုနိုင်တဲ့အတွက် ပြန်လည်အပ်နှံခွင့်ပြုနိုင်ဖို့ တင်ပြခဲ့တဲ့အတွက်ကြောင့် စက်မှုဝန်ကြီးဌာနရဲ့ ခွင့်ပြုချက်အရ ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ သဘောတူညီချက်နဲ့ ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၉ ရက်နေ့မှာ လပွတ္တာမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးမှာ မြို့နယ်မြေအသုံးချမှု စီမံခန့်ခွဲရေးကော်မတီကို ပြန်လည်စွန့်လွှတ်အပ်နှံခဲ့ကြောင်း စိစစ်သိရှိရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အဆင့်မြင့်စက္ကူစက်ရုံ(သာပေါင်း)မှ ပြန်လည်စွန့်လွှတ်အပ်နှံခဲ့တဲ့ မြေတွေဟာ ဆားလယ်မြေအဖြစ် လ/န(၃၉)ကျပြီးဖြစ်တဲ့အတွက် မူလတောင်သူတွေကို လယ်ယာမြေလုပ်ပိုင်ခွင့်ပုံစံ(၇) ပေးအပ်နိုင်ခြင်းမရှိသေးတဲ့အပေါ် တောင်သူများ နစ်နာမှုမရှိစေဖို့ ကျေးရွာအုပ်စု၊ မြို့နယ်နှင့် ခရိုင်လယ်ယာမြေနှင့် အခြားမြေများသိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေး ကော်မတီအဆင့်ဆင့်မှ စိစစ်ထောက်ခံတင်ပြခဲ့ပါတယ်။ အဲဒီအပေါ်မှာ ဧရာဝတီတိုင်းဒေသကြီး လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီရဲ့ ၂၀၁၈ ခုနှစ်၊ ဩဂုတ်လ ၂၈ ရက်နေ့မှာ ကျင်းပပြုလုပ်တဲ့ အစည်းအဝေးဆုံးဖြတ်ချက်အရ မူလတောင်သူ ၂၃ ဦး၊ ဦးပိုင် ၂၆ ခု၊ ဧရိယာ ၁၇၆.၇၂ ဧကကို ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၁၈ ရက်နေ့မှာ လပွတ္တာမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှာ ယာယီလုပ်ကိုင်ခွင့်ပြု လက်မှတ်ပုံစံတွေကို ပေးအပ်ခဲ့ပြီး ဖြစ်ပါတယ်။

မူလလက်ငုတ်တောင်သူတွေကို လယ်ယာမြေလုပ်ကိုင်ခွင့်ပြု ပုံစံလက်မှတ်(၇) ထုတ်ပေးနိုင်ဖို့ အတွက် ဆားလယ်မြေအဖြစ်လ/န(၃၉) ခွင့်ပြုမိန့်ရရှိထားတဲ့မြေတွေကို ပယ်ဖျက်ခွင့်အတွက် လုပ်ထုံးလုပ်နည်းများနှင့်အညီ စိစစ်တင်ပြဆောင်ရွက်လျက်ရှိတဲ့ အခြေအနေမှာ လက်ရှိအနေအထားအရ ခရိုင်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့မှ စိစစ်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ၁၉၈၃ ခုနှစ်က ဧရာဝတီတိုင်းဒေသကြီးပြည်သူ့ကောင်စီက ဆားလယ်မြေအဖြစ် လ/န(၃၉) ခွင့်ပြုထားတဲ့မြေတွေကို ခွင့်ပြုမိန့်ပယ်ဖျက်ပေးရန်ကိစ္စအတွက် ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့ရဲ့အစီအမံနဲ့ လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့အဆင့်ဆင့်ကို တင်ပြဆောင်ရွက်လျက်ရှိပါကြောင်းနှင့် လ/န(၃၉)ပယ်ဖျက်ခွင့်အမိန့်ရရှိပါက မူလလက်ငုတ်တောင်သူများထံသို့ လယ်ယာမြေ လုပ်ကိုင်ခွင့်ပြုလက်မှတ်ပုံစံ(၇)များ ထုတ်ပေးနိုင်ရေးကို လယ်ယာမြေဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်ပေးသွားမှာဖြစ်ပါကြောင်း ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ ဖြေကြားချက်နှင့်အတူ ပေါင်းစပ်ဖြေကြားအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**မူကြမ်း**

**နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ နန်းယွန်းမြို့နယ်၊ ယူဝရပ်ကွက်ရှိ မူလတန်းကျောင်းဝန်းဧရိယာအား သိုင်ယောင်းချောင်းရေတိုက်စားခြင်းမှ ကာကွယ်နိုင်ရန်အတွက် ကမ်းထိန်းနံရံတည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ နန်းယွန်းမဲဆန္ဒနယ်မှ ဦးဝမ်းလှ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးဝမ်းလှ(နန်းယွန်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါတဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဒုတိယဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များ အားလုံးမင်္ဂလာပါခင်ဗျား။ ကျွန်တော်က နန်းယွန်းမြို့နယ်၊ ယူဝရပ်ကွက် အခြေခံပညာမူလတန်း ကျောင်းဝန်းဧရိယာအား သိုင်ယောင်းချောင်းရေတိုက်စားခြင်းမှ ကာကွယ်နိုင်ရန်အတွက် ကမ်းထိန်း နံရံတည်ဆောက်ပေးမယ့်အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းတဲ့မေးခွန်းကို မေးမြန်းသွားမှာ ဖြစ်ပါတယ်။ ယူဝရပ်ကွက် မူလတန်းကျောင်းကို ၂၀၀၂-၂၀၀၃ ခုနှစ်မှာ ကိုယ်ထူကိုယ်ထဖွင့်လှစ်လာခဲ့တာဖြစ်ပြီး တော့ ၂၀၁၂-၂၀၁၃ ခုနှစ်မှာ Sanction ကျောင်းလည်းရခဲ့တာဖြစ်ပါတယ်။ ယခုလက်ရှိ ကျောင်းဆောက်ကိုတော့ ၂၀၁၄-၂၀၁၅ ခုနှစ်မှာ ဆောက်လုပ်ခဲ့တာဖြစ်ပါတယ်။ ဆရာဆရာမခုနစ်ဦး ဖြစ်ပြီးတော့ ကျောင်းသားကျောင်းသူ ၁၀၀ ဦးရှိတာ ဖြစ်ပါတယ်။ Power Point ဖြင့် တင်ပြခွင့်ပြုနိုင် ပါရန် တောင်းခံအပ်ပါတယ်ခင်ဗျား။ ကျောင်းရဲ့အကျယ်က နှစ်ဧကဝန်းကျင်ခန့်ရှိပြီးတော့ ကျောင်းဖွင့်လှစ်ခါစမှာ ကျောင်းနှင့်ချောင်းရဲ့ကြား အကွာအဝေး ပေ ၅၀၀ လောက် ရှိခဲ့တာ ဖြစ်ပါ တယ်။ ဒါပေမဲ့လက်ရှိအခြေအနေမှာ ပုံမှာမြင်ရတဲ့အတိုင်း ချောင်းရေတိုက်စားမှုဟာ အခုဆိုလို့ရှိရင် ကျောင်းဧရိယာထဲမှာ ပေ ၃၀၀ လောက်အထိကို ရောက်လာနေပြီ ဖြစ်ပါတယ်။ ဒါကြောင့် မိဘပြည်သူများကနေပြီးတော့ ဒီကျောင်းဆောင်ကြီး ရေတိုက်မစားသွားဖို့ရန်အတွက် အချိန်မီ ကာကွယ်မှုပြုနိုင်ဖို့ရန် အမြဲတမ်းတင်ပြလျက်ရှိပါတယ်။ ဒီချောင်းရေတိုက်စားမှုကို ကာကွယ်မှုမလုပ်လို့ရှိရင် စာသင်ကျောင်းအတွက်ရော၊ ဒီကျောင်းမှာ ပညာသင်ယူနေတဲ့ ကျောင်းသား ကျောင်းသူတွေအတွက်ရော အင်မတန်မှ အန္တရာယ်များလာနိုင်တာ ဖြစ်ပါတယ်။ ဒါကတော့ ကမ်းထိန်း နံရံတည်ဆောက်နိုင်ရေးအတွက် ရပ်ကွက်အုပ်ချုပ်ရေးမှူး၊ ကျောင်းဆရာ၊ ကျောင်းကော်မတီ၊ မြို့နယ် စည်ပင်သာယာရေးဦးစီးအရာရှိတို့နှင့် မြေပြင်ကွင်းဆင်းတိုင်းတာခဲ့တဲ့ မှတ်တမ်းပဲ ဖြစ်ပါတယ်။ ကွင်းဆင်းတိုင်းတာချက်အရ ဆောင်ရွက်ရမယ့် အလျားက ကျောင်းဝန်းဧရိယာပဲဆိုလို့ရှိရင် ပေ ၃၅၀ ရှိပါတယ်။ ဒါပေမဲ့ စုစုပေါင်း ရေကာတာတည်ဆောက်ဖို့ ကမ်းထိန်းနံရံတည်ဆောက်ဖို့ လိုအပ်ချက်က တိုင်းတာချက်အရဆိုလို့ရှိရင် ပေပေါင်း အလျားပေ ၉၅၀ ရှိတာဖြစ်ပါတယ်။ အမြင့်ပေအားဖြင့် ၁၅ ပေ ရှိပါတယ်။ ဒါကြောင့် ယူဝရပ်ကွက် အခြေခံပညာမူလတန်းကျောင်းဝန်းကို သိုင်ယောင်းချောင်းရေ တိုက်စားလာမှုမှ ကာကွယ်နိုင်ရန်အတွက် ကမ်းထိန်းနံရံတည်ဆောက်ပေးနိုင်မယ့် အစီအစဉ်ရှိ/မရှိကို သိလိုတဲ့အတွက်ကြောင့်မို့လို့ ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြည်သူများကိုယ်စား လေးစားစွာ မေးမြန်းအပ်ပါ တယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**မူကြမ်း**

**ဦးကျော်မျိုး(ဒုတိယဝန်ကြီး၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများအားလုံး၊ ပြည်ထောင်စုအဆင့်အဖွဲ့ဝင်များနှင့် ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီး၊ နန်းယွန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝမ်းလှ၏ စစ်ကိုင်းတိုင်းဒေသကြီး၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ နန်းယွန်းမြို့နယ်၊ ယူဝရပ်ကွက်ရှိ မူလတန်းကျောင်းဝန်းဧရိယာအား သိုင်ယောင်းချောင်းရေတိုက်စားခြင်းမှ ကာကွယ်နိုင်ရန်အတွက် ကမ်းထိန်းနံရံတည်ဆောက်ပေးမည့် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့် မေးခွန်းအပေါ် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ကိုယ်စား ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ကျွန်တော်ဦးကျော်မျိုးက ပြန်လည်ဖြေကြားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ စစ်ကိုင်းတိုင်းဒေသကြီး၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ နန်းယွန်းမြို့နယ်မှာ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ရေအရင်းအမြစ်နှင့်မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံးခွဲဖွင့်လှစ်ထားခြင်းမရှိလို့ မိုးဆက်တိုက်ရွာသွန်းတဲ့အခါမှာ ချောင်းရေမြင့်တက်ပြီး ကမ်းပါးများပြိုကျမှုများ ဖြစ်လေ့ရှိတဲ့ နန်းယွန်းမြို့နယ်၊ ယူဝရပ်ကွက် မူလတန်းကျောင်းဝန်းဧရိယာရှိ သိုင်ယောင်းချောင်းသို့ ရေအရင်းအမြစ်နှင့်မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ဒေသ(၆)၊ စစ်ကိုင်းတိုင်းဒေသကြီးရုံးမှ အသေးစိတ်ကွင်းဆင်းတိုင်းတာစစ်ဆေးခြင်းလုပ်ငန်းများကို ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလမှာ ဆောင်ရွက်ပေးသွားမည် ဖြစ်ပါတယ်။ နန်းယွန်းမြို့၊ သိုင်ယောင်းချောင်းကမ်းပြိုကာကွယ်ရေးလုပ်ငန်းအတွက် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၏ငွေလုံးငွေရင်းရန်ပုံငွေစာရင်းမှာ ကျပ်သန်း ၃၀၀ ထည့်သွင်းတင်ပြတောင်းခံပြီး ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ လုပ်ငန်းများဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ကိုယ်စား ပြန်လည်ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ထားဝယ်-မြိတ် ရထားလမ်းဖောက်လုပ်ရေးစီမံကိန်းတွင် ပါဝင်သွားသော မြေယာများအတွက် မြေယာလျော်ကြေးပေးအပ်ရန် သို့မဟုတ် ရထားလမ်းအဖြစ် ဆက်လက်အသုံးမပြုသည့် ထိုမြေယာများကို မူလလက်ရှိထားလုပ်ကိုင်ခဲ့သည့် တောင်သူလယ်သမားများလက်သို့ ပြန်လည်ပေးအပ်ရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ထားဝယ်မဲဆန္ဒနယ်မှ ဦးအောင်စိန် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးအောင်စိန်(ထားဝယ်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါတဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်းဆက်သပါတယ်။ ယနေ့အစည်းအဝေးမှာ ကျွန်တော်မေးမြန်းမယ့် မေးခွန်းကတော့ ထားဝယ်-မြိတ်ရထားလမ်းဖောက်လုပ်ရေးလုပ်ငန်း စီမံကိန်းတွင်ပါဝင်သွားသော မြေယာများအတွက် မြေယာလျော်ကြေးပေးအပ်ရန် သို့မဟုတ် ရထားလမ်းအဖြစ် ဆက်လက်အသုံး

မပြုသည့် ထိုမြေယာများကို မူလလက်ရှိထားလုပ်ကိုင်ခဲ့သည့် တောင်သူလယ်သမားများလက်သို့ ပြန်လည်ပေးအပ်ရန် အစီအစဉ် ရှိ/မရှိ သိလိုတဲ့မေးခွန်းပဲဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်-မြိတ် ရထားလမ်း ဖောက်လုပ်ရေးစီမံကိန်းကို ရထားပို့ဆောင်ရေးဌာနက ၂၁-၁၂-၂၀၀၈ ရက်နေ့ကစပြီးတော့ လမ်းအူကြောင်းတိုင်းတာခြင်းနှင့် တာပေါင်မြေကြီးလုပ်ငန်းများကို ပြုလုပ်ခဲ့ကြောင်း သိရပါတယ်။ အစ ပထမတွင် ထားဝယ်-သရက်ချောင်း မိုင် ၂၀ အကွာအဝေးရှိ သံလမ်းခင်းလုပ်ငန်းပြီးစီးပြီးတော့ ၄-၆-၂၀၁၁ ရက်နေ့မှစ၍ ရထားပြေးဆွဲခဲ့ကြောင်း သိရပါတယ်။ ထိုသို့ ထားဝယ်-သရက်ချောင်း ခရီးစဉ်ပြေးဆွဲရာမှ ၂၉-၁၂-၂၀၁၁ ရက်နေ့ကစပြီးတော့ ခရီးစဉ်ကို ရပ်နားခဲ့ကြောင်းသိရပါတယ်။ ထို့အပြင် ထားဝယ်-ဇလွန်ဘူတာမှ ထားဝယ်ဆိပ်ကမ်းဘူတာထိ ယခင်က ရထားလမ်းပြေးဆွဲခဲ့သော်လည်း ၁၅-၅-၂၀၁၅ ရက်နေ့မှစ၍ ခရီးစဉ်ရပ်နားခဲ့ကြောင်း သိရပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point သုံးစွဲခွင့်ပြုပါရန် ပန်ကြားအပ်ပါတယ်။ ယခုပြသသွားတဲ့ပုံတွေကတော့ ထားဝယ်ကနေပြီးတော့ သရက်ချောင်းလမ်းပိုင်းမှာ ရထားလမ်းပြေးဆွဲခြင်းမရှိတဲ့အတွက်ကြောင့် ရထားလမ်းရဲ့အခြေအနေကို သိရှိလို၍ တင်ပြခြင်းပဲဖြစ်ပါတယ်။ ထားဝယ်-မြိတ် ရထားလမ်းဖောက်လုပ်ရေးစီမံကိန်းမှာ အကွာအဝေးအားဖြင့် ၁၃၂ မိုင်ခန့်ရှိပြီးတော့ ထားဝယ်မြို့နယ်မှ လယ်မြေ ၁၅၁.၀၅ ဧက၊ သရက်ချောင်းမြို့နယ်မှ လယ်မြေ ၁၇၀.၉၉ ဧကနှင့် ဥယျာဉ်ခြံမြေ ၃.၂၈ ဧကအပြင် ရေနုတ်မြောင်းတူးဖော်ရာတွင် ကျောက်မော်နဲ့ ကူးတို့ကွင်းတို့မှ လယ်ဧရိယာ ၈၉.၃၃ ဧက ပါဝင်သွားကြောင်းလည်း သိရပါတယ်။ ထို့အပြင် သမုတ်-ဘုတ်ခြံလမ်းပိုင်း ပဆွပ်မှရော်ဘာခြံ ၉၈.၇၆ ဧက၊ သမုတ်မှ လယ်မြေ၀.၅၉ ဧက၊ ဥယျာဉ်ခြံမြေ ၂.၁၄ ဧက၊ ရော်ဘာခြံ ၃၄.၈၁ ဧက စုစုပေါင်း ၁၃၆.၄၀ ဧက ပါဝင်သွားကြောင်းလည်း သိရပါတယ်။ ဒါကြောင့် ယခင်ကရထားပြေးဆွဲခဲ့ပြီး ယခုအခါ ရပ်နားထားသည့် လမ်းပိုင်းဖြစ်သော ထားဝယ်-သရက်ချောင်းလမ်းပိုင်းနှင့် သံလမ်းလုံးဝတပ်ဆင်ခြင်းမရှိသေးဘဲ မြေဖို့လုပ်ငန်းသာပြီးစီးသည့် သရက်ချောင်း-သမုတ်-ဘုတ်ခြံ-မြိတ် လမ်းပိုင်းတွင်အသုံးပြုရန် ပါဝင်သွားသောမြေယာများအတွက် မြေယာလျော်ကြေးပေးရန် သို့မဟုတ် ဆက်လက်အသုံးမပြုပါက ထိုမြေယာများကို မူလလက်ရှိထား လုပ်ကိုင်အကျိုးခံစားခဲ့သူ တောင်လယ်သမားလက်သို့ ပြန်လည်ပေးအပ်ရန် အစီအစဉ်ရှိ/မရှိသိလို၍ ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းရခြင်းဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးကျော်မျိုး(ဒုတိယဝန်ကြီး၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်စိန်၏ ထားဝယ်-မြိတ် ရထားလမ်းဖောက်လုပ်ရေးစီမံကိန်းတွင် ပါဝင်သွားသောမြေယာများအတွက် မြေယာလျော်ကြေးပေးအပ်ရန် သို့မဟုတ် ရထားလမ်းအဖြစ် ဆက်လက်အသုံးမပြုသည့် ထိုမြေယာများကို မူလလက်ရှိထား လုပ်ကိုင်ခဲ့သည့် တောင်သူလယ်သမားများလက်သို့ ပြန်လည်ပေးအပ်ရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်းအပေါ်

တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ပေါင်းစပ်ညှိနှိုင်း၍ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီး ဌာန ဒုတိယဝန်ကြီး ကျွန်တော်က ပြန်လည်ဖြေကြားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point အသုံးပြုခွင့်၍ ရှင်းလင်းတင်ပြခွင့် ပြုရန် တင်ပြအပ်ပါတယ်။ ယခင် ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားအနေဖြင့် ခရီးမိုင် ၁၃၂.၅ မိုင်ခန့်ရှည်လျားတဲ့ ထားဝယ်-မြိတ်ရထားလမ်းဖောက်လုပ်ရေးစီမံကိန်းကို ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်မှ စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပြီးတော့ ထားဝယ်ဘက်ခြမ်းမှာ ထားဝယ်-သရက်ချောင်းလမ်းပိုင်း ၉.၃၀ မိုင်ကို ၄.၆.၂၀၁၁ ရက်နေ့မှာဖွင့်လှစ်ပြီး ရထားများပြေးဆွဲခဲ့ပါတယ်။ သရက်ချောင်း-ပုလောလမ်းပိုင်းမှာတော့ သရက်ချောင်းဘက်မှစ၍ ရထားလမ်းတာပေါင်အရှည် သုံးမိုင်ခန့် မြေကြီးလုပ်ငန်းများ စတင်ဆောင်ရွက်ထားရှိပြီး မြိတ်ဘက်အခြမ်းတွင် သမုတ်မှစ၍ မြေကြီးလုပ်ငန်း စတင်ဆောင်ရွက်ခဲ့ရာမှာ သမုတ်-ဘုတ်ခြံ-ပုလောအပိုင်းမှ ရထားလမ်းတာပေါင် အရှည် ၁၀ မိုင်ခန့် မြေကြီးလုပ်ငန်း ဆောင်ရွက်ထားရှိခဲ့ပါတယ်။ ဖွင့်လှစ်ပြီးလမ်းပိုင်းဖြစ်တဲ့ ထားဝယ်-သရက်ချောင်းလမ်းပိုင်းမှာ ရထားပြေးဆွဲခဲ့ရာ နေ့စဉ်ရထားခရီးစဉ် အသွား/အပြန်အတွက် စုစုပေါင်း စက်သုံးဆီ ကြေးတစ်ခုတည်းပင် ကျပ် ၇၀၀၀၀ ခန့်ကုန်ကျပြီး တစ်ရက်ပျမ်းမျှဝင်ငွေမှာ ကျပ် ၇၀၀၀ ကျော်သာရှိသဖြင့် ကုန်ကျစရိတ်နှင့်ရရှိတဲ့ဝင်ငွေမှာ မျှတမှုမရှိပြီး စီးပွားရေးအရတွက်ခြေမကိုက် သဖြင့် ၁၆-၅-၂၀၁၆ ရက်နေ့မှစ၍ ယခုအချိန်အထိ ရထားပြေးဆွဲမှုကို ရပ်နားထားခဲ့ရပါတယ်။ မြန်မာ့မီးရထားအနေဖြင့် ထားဝယ်-မြိတ် ရထားလမ်းဖောက်လုပ်ရေးစီမံကိန်းမှာပါဝင်သွားတဲ့ မြေယာ များကို ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်မှ မြန်မာ့မီးရထားနဲ့ သက်ဆိုင်ရာမြို့နယ်မြေစာရင်းအင်းဦးစီး ဌာနတို့ပူးပေါင်း၍ အသေးစိတ်ကွင်းဆင်းတိုင်းတာထားမှုများအရ လွှတ်တော်ကိုယ်စားလှယ်ကြီး တင်ပြသွားတဲ့အတိုင်းပဲ ထားဝယ်မြို့နယ်မှ ၁၅၁ ဧက၊ သရက်ချောင်းမြို့နယ်မှ လယ်မြေ ၁၇၄.၉၉ ဧကနှင့်ဥယျာဉ်ခြံမြေ ၃.၂၈ ဧကနှင့် ရေနုတ်မြောင်းတူးဖော်ခြင်းအတွက် လယ်မြေ ၈၉.၃၃ ဧက စုစုပေါင်း ၄၁၈.၆၅ ဧကတို့ ပါဝင်ကြောင်း စိစစ်တွေ့ရှိခဲ့ရပါတယ်။

ဖောက်လုပ်ပြီးဖြစ်တဲ့ ထားဝယ်-သရက်ချောင်းလမ်းပိုင်းနှင့် ဖောက်လုပ်ဆဲဖြစ်တဲ့ သရက်ချောင်း-ပုလောလမ်းပိုင်းရှိ တာပေါင်အရှည်သုံးမိုင်ခန့်မှာရှိတဲ့ ရထားလမ်းဖောက်လုပ်ရာမှာ ပါဝင်သွားတဲ့မြေများကို မြန်မာ့မီးရထားအနေဖြင့် သီးနှံလျော်ကြေး၊ မြေယာလျော်ကြေးများ ပေးချေထားခြင်းမရှိသေးပါ။ မြိတ်ဘက်ခြမ်းရှိ ဖောက်လုပ်ဆဲဖြစ်သော သမုတ်-ဘုတ်ခြံ-ပုလော လမ်းပိုင်း ရထားလမ်းတာပေါင်အရှည် ၁၀ မိုင်ခန့် ဖောက်လုပ်ရာမှာ မလွတ်ကင်းတဲ့ လယ်ယာမြေ ၀.၅၉ ဧက၊ ရော်ဘာစိုက်ခင်း ၃၄.၈၁ ဧက၊ ကွမ်းသီးပင် ၂.၂၄ ဧက စုစုပေါင်း ၃၇.၆၄ ဧကအတွက် သီးနှံလျော်ကြေးနှင့် (၂၅ ပေ x ၁၅ ပေ)အကျယ်ရှိတဲ့ မျောတိုင်၊ ထရံကာ၊ ဓနိမိုးလူနေအိမ်နှစ်လုံး ပြောင်းရွှေ့ရခြင်းအတွက် လျော်ကြေးငွေအပါအဝင် စုစုပေါင်းလျော်ကြေးငွေကျပ် ၂၉၈.၉၈ သန်းကို ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှာ ပေးချေထားပြီးဖြစ်သော်လည်း မြေယာလျော်ကြေးများကိုတော့ ပေးချေခဲ့ရခြင်းမရှိသေးပါ။ ထားဝယ်-သရက်ချောင်းလမ်းပိုင်းမှာ တံတား ၆၅ စင်းတည်ဆောက်ပြီး ဖြစ်ခြင်း၊ ထားဝယ်နှင့် ထားဝယ်ဆိပ်ကမ်းသို့ ဆက်သွယ်ဖောက်လုပ်ထားတဲ့ ရထားလမ်းသည် ထားဝယ်-သရက်ချောင်းလမ်းပိုင်းမှာပါဝင်နေခြင်း၊ ဖွင့်လှစ်ပြီး ရထားလမ်းပိုင်းဖြစ်ခြင်းတို့ကြောင့်

နောင်တွင်လိုအပ်လာပါက ပြန်လည်အသုံးပြုနိုင်မည်ဖြစ်သဖြင့် ထားဝယ်-သရက်ချောင်းလမ်းပိုင်း အထိဖောက်လုပ်ရာတွင် ပါဝင်သွားသောမြေများအတွက် မြေယာလျော်ကြေးပေးချေခြင်းကို ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်ကြီးတင်ပြသွားတဲ့ သမုတ်-ဘုတ်ခြံရထားလမ်းပိုင်းမှာ ပဆွပ်မှ ရော်ဘာ ၉၈.၇ ဧက၊ သမုတ်မှလယ်မြေ ၀.၅၉ ဧက၊ ဥယျာဉ်ခြံမြေ ၂.၁၄ ဧကနှင့် ရော်ဘာ ၃၄.၈၁ ဧက စုစုပေါင်း ၁၃၆.၂၄ ဧကကို ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်မှာ မြေပြင်ကွင်းဆင်းတိုင်းတာပြီး ဖြစ်သဖြင့် ရထားလမ်းဖောက်လုပ်ရေးစီမံကိန်းကို ဆက်လက်ဆောင်ရွက်မည်ဆိုပါက တနင်္သာရီတိုင်း ဒေသကြီးအစိုးရအဖွဲ့အနေဖြင့် မြေယာလျော်ကြေးကိစ္စများကို လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များ နှင့်အညီ ညှိနှိုင်းဆောင်ရွက်သွားမှာဖြစ်ကြောင်း တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့က ပေါင်းစပ် ဖြေကြားထားပါတယ်။ ယခုအချိန်မှာ မြန်မာ့မီးရထားအနေနဲ့ ထားဝယ်-မြိတ်ရထားလမ်း ဖောက်လုပ် ရေးစီမံကိန်းကို ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်ရန်မရှိသဖြင့် သရက်ချောင်း-ပုလော အပိုင်းရှိ မြေသားလုပ်ငန်းဆောင်ရွက်ဆဲသုံးမိုင်နှင့် သမုတ်-ဘုတ်ခြံ-ပုလောအပိုင်းရှိ မြေသားလုပ်ငန်း ဆောင်ရွက်ဆဲ ၁၀ မိုင်တို့အပါအဝင် သရက်ချောင်း-သမုတ်လမ်းပိုင်းကို လက်ရှိအနေအထားအတိုင်း မူလပိုင်ရှင်များထံ ပြန်လည်ပေးအပ်သွားမှာဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ရန်ကုန်ဆိပ်ကမ်း၊ သင်္ဘောဆိုက်ကပ်မှု ကုန်ကျစရိတ်မြင့်မားနေ၍ ပို့ကုန်မြှင့်တင်ရန် အခက်အခဲ ဖြစ်ပေါ်ခြင်း၊ သွင်းကုန်များ ဈေးကြီးမြင့်စေခြင်းတို့ ကြုံတွေ့နေရသဖြင့် သင်္ဘောဆိုက်ကပ်မှု ကုန်ကျစရိတ်လျှော့ချပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ လှိုင်မဲဆန္ဒနယ်မှ ဦးအောင်ကျော်ကျော်ဦး မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးအောင်ကျော်ကျော်ဦး(လှိုင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီး၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များ အားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ လှိုင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကျော်ကျော်ဦး ဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့ လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်ပသို့ ကုန်ပစ္စည်းများ တင်ပို့ရန်အတွက်လည်းကောင်း၊ ပြည်ပမှ ကုန်ပစ္စည်းများတင်သွင်းရန်အတွက်လည်းကောင်း၊ ရန်ကုန်ဆိပ်ကမ်းကို ဆိုက်ကပ်လာတဲ့ သင်္ဘော တစ်စီးရဲ့ကုန်ကျစရိတ်က အာဆီယံနိုင်ငံများထဲမှ အမြင့်ဆုံးဖြစ်နေတာကြောင့် ပို့ကုန်များ တင်ပို့ရာမှာ အခက်အခဲများဖြစ်ပေါ်နေပါတယ်။ သွင်းကုန်များလည်း ဈေးနှုန်းကြီးမြင့်စေပါတယ်။ တန်ချိန် ၂၀၀၀၀ ရှိတဲ့ သင်္ဘောတစ်စီး ရန်ကုန်ဆိပ်ကမ်းကို ဆိုက်ကပ်မည်ဆိုပါက ကုန်ကျစရိတ်က အမေရိကန်ဒေါ်လာ ၁၄၅၀၀၀ လောက်ကုန်ကျပြီးတော့ ထိုင်း၊ ဗီယက်နမ်တို့ထက် နှစ်ဆကျော်များပြားနေတယ်လို့ မြန်မာ နိုင်ငံဆန်စပါးအဖွဲ့ချုပ်ကထုတ်ပြန်တဲ့ စစ်တမ်းတစ်ခုမှာ ဖော်ပြထားပါတယ်။ တန်ချိန် ၂၀၀၀၀ သင်္ဘောတစ်စီး ဆိပ်ကမ်းဆိုက်ကပ်မှုကုန်ကျစရိတ်က ထိုင်းနိုင်ငံမှာ အမေရိကန်ဒေါ်လာ ၆၅၀၀၀၊ ဗီယက်နမ်မှာ ၆၀၀၀၀ လောက် ကုန်ကျတာကို တွေ့ရှိရပါတယ်။ ဆိပ်ကမ်းကုန်ကျစရိတ်များပြားမှု

ကြောင့် မြန်မာနိုင်ငံမှ ဆန်ဝယ်ယူသူများဟာ ထိုင်း၊ ဗီယက်နမ်၊ အိန္ဒိယနဲ့ ပါကစ္စတန်နိုင်ငံတို့မှ ဆန်ဝယ်လို့ အဆင်မပြေတော့မှ မြန်မာနိုင်ငံကို စဉ်းစားတယ်လို့ ဆိုပါတယ်။ သယ်ယူပို့ဆောင်ရေး စရိတ် (ရီဂျက်စတတ်ကော) မြင့်မားသဖြင့် မိမိနိုင်ငံရဲ့စိုက်ပျိုးရေးထွက်ကုန်တွေနဲ့ အခြားထုတ်ကုန်များ နိုင်ငံတကာနဲ့ ယှဉ်ပြိုင်ရောင်းချရာမှာ အားနည်းစေပါတယ်။ ဒါ့အပြင် ရန်ကုန်ဆိပ်ကမ်းဟာ ဆိပ်ကမ်း ကုန်ကျစရိတ်လည်း ကြီးမြင့်တယ်။ တန်ချိန်များပြားတဲ့ သင်္ဘောကြီးများလည်း မဆိုက်ကပ်နိုင်တဲ့ အတွက်ကြောင့် သွင်းကုန်များမှာလည်း ဈေးနှုန်းမြင့်မားစေပါတယ်။ ဒါကြောင့် ရန်ကုန်ဆိပ်ကမ်း သင်္ဘောဆိုက်ကပ်မှုကုန်ကျစရိတ်မြင့်မားနေ၍ ပို့ကုန်တင်ပို့ရန်အခက်အခဲဖြစ်ပေါ်ခြင်း၊ သွင်းကုန်များ ဈေးနှုန်းကြီးမြင့်စေခြင်းတို့အတွက် ကုန်ကျစရိတ်များ လျှော့ချပေးရန်အစီအစဉ်ရှိ/မရှိ လွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်။ အားလုံး ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးကျော်မျိုး(ဒုတိယဝန်ကြီး၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန)**။ ။ လေးစား အပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မဲဆန္ဒနယ် ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကျော်ကျော်ဦး၏ ရန်ကုန်တိုင်းဆိပ်ကမ်း သင်္ဘောဆိုက်ကပ်မှု ကုန်ကျစရိတ်မြင့်မားနေ၍ ပို့ကုန်မြင့်တင်ရန် အခက်အခဲဖြစ်ပေါ်ခြင်း၊ သွင်းကုန်များ ဈေးကြီးမြင့်စေ ခြင်းတို့ကြုံတွေ့နေရသဖြင့် သင်္ဘောဆိုက်ကပ်မှုကုန်ကျစရိတ်လျှော့ချပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းတဲ့မေးခွန်းအပေါ် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ကျွန်တော်က ပြန်လည်ဖြေကြားမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ လွှတ်တော်ကိုယ်စားလှယ် ကြီးမေးမြန်းတဲ့မေးခွန်းကို ပြည့်ပြည့်စုံစုံဖြေကြားနိုင်ရန်အတွက် လိုအပ်လာပါက အချိန်ပိုအနည်းငယ်မျှ ခွင့်ပြုပေးပါရန် တင်ပြထားအပ်ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်ကြီးတင်ပြသွားတဲ့ မြန်မာနိုင်ငံဆန်စပါးအဖွဲ့ချုပ်ရဲ့ စစ်တမ်းတစ်ခု အရ တန် ၂၀၀၀၀ သင်္ဘောတစ်စီး ရန်ကုန်ဆိပ်ကမ်းသို့ ဆိုက်ကပ်ပါက ကုန်ကျစရိတ်အမေရိကန် ဒေါ်လာ ၁၄၅၀၀၀ ခန့်ရှိနေပြီး ထိုင်းနိုင်ငံမှာ အမေရိကန်ဒေါ်လာ ၆၅၀၀၀ နှင့် ဗီယက်နမ်နိုင်ငံမှာ အမေရိကန်ဒေါ်လာ ၆၀၀၀၀ အသီးသီးဖြစ်သဖြင့် အဆိုပါနိုင်ငံတို့ထက် နှစ်ဆကျော်များပြားနေသည် ဆိုသည့်အချက် စသည်နှင့်ပတ်သက်၍ Power Point အသုံးပြု၍ ရှင်းလင်းတင်ပြခွင့်ပြုပါ ခင်ဗျား။ ဂျပန်နိုင်ငံအပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA) က ၂၀၁၈ ခုနှစ် နှစ်ကုန်ပိုင်း မှာ လေ့လာပြုစုထားတဲ့ အစီရင်ခံစာပါ မြန်မာနိုင်ငံနှင့် အိမ်နီးချင်းအာဆီယံနိုင်ငံ မြစ်ဆိပ်ကမ်း(River Port) များမှာ ကောက်ခံတဲ့အခွန်အခနှုန်းထားများ နှိုင်းယှဉ်ချက်အရ တန်ချိန် ၂၆၀၀၀ ရှိ သင်္ဘော တစ်စီးအတွက် ဆိပ်ကမ်းဆိုက်ကပ်မှုစုစုပေါင်းကုန်ကျစရိတ်မှာ ရန်ကုန်ဆိပ်ကမ်းတွင် အမေရိကန် ဒေါ်လာ ၁၈၅၉၀၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ Chittagong ဆိပ်ကမ်းမှာ ၁၅၀၃၉ ဒေါ်လာ၊ ကမ္ဘောဒီးယား နိုင်ငံ Sihanoukville ဆိပ်ကမ်းမှာတော့ ၂၇၀၅၂ ဒေါ်လာ၊ ထိုင်းနိုင်ငံ ဘန်ကောက်ဆိပ်ကမ်းမှာ

၁၅၃၇၅ ဒေါ်လာနဲ့ ဗီယက်နမ်နိုင်ငံ VICT ဆိပ်ကမ်းမှာ ၁၇၉၁ ဒေါ်လာ အသီးသီးဖြစ်ကြောင်း တင်ပြထားပါတယ်။ သို့ဖြစ်ပါ၍ ရန်ကုန်ဆိပ်ကမ်းရဲ့ ဆိပ်ကမ်းကုန်ကျစရိတ်မှာ ဒေသအတွင်း ဆိပ်ကမ်းများနဲ့ လွန်မင်းစွာကွာဟမှုမရှိကြောင်း တွေ့ရှိရပါတယ်။

မြန်မာ့ဆိပ်ကမ်းအာဏာပိုင်အနေဖြင့် ဆိပ်ကမ်း၏ ဆွဲသင်္ဘော၊ Tugboat ခြောက်နာရီ အသုံးပြုခကို ယခင် အမေရိကန်ဒေါ်လာ ၂၀၀၀ မှ ဒေါ်လာ ၁၅၀၀ သို့ ၁၀-၁-၂၀၁၈ ရက်နေ့မှစ၍ လျှော့ချခဲ့သဖြင့် စုစုပေါင်း ရန်ကုန်ဆိပ်ကမ်းကပ်သည့် ကုန်ကျစရိတ်သည် အမေရိကန်ဒေါ်လာ ၁၇၅၉၀ သို့ လျော့ကျခဲ့သဖြင့် အိမ်နီးချင်းနိုင်ငံများရဲ့ နှုန်းများနဲ့ ကွာဟမှု ပိုပြီးတော့ နည်းလာပါတယ်။ အဲဒီအပြင် Container ဝန်ဆောင်မှု၊ ဝန်ဆောင်ခ Container Terminal Handling Charges ကို ပေ ၂၀ Container တစ်လုံး၊ 1 TEU အတွက် အမေရိကန်ဒေါ်လာ ၁၆၅ မှ ၁၄၅ သို့ ၂၇-၆-၂၀၁၈ ရက်နေ့ကတည်းက လျှော့ချထားခဲ့ပြီးဖြစ်ပါတယ်။ အဲဒီအတိုင်းပဲ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်အနေနဲ့ ဆိပ်ကမ်းအခွန်အခများကို ရေကြောင်းဖြင့် ကုန်စည်တင်သွင်းတင်ပို့မှုအခြေအနေကို လေ့လာသုံးသပ်ပြီး ဈေးကွက်အခြေအနေအပေါ်မူတည်၍ တင့်သင့်မျှတတဲ့နှုန်းထားများဖြင့် ပြင်ဆင်ကောက်ခံသွားရန် စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။

ထို့အပြင် အိတ်သွတ်လယ်ယာထွက်ကုန်ပစ္စည်းများအတွက် ကောက်ခံသည့် ကုန်တင်၊ ကုန်ချစရိတ် Stevedoring Charges နှုန်းထားများကို ဒေသတွင်းဆန်တင်ပို့မှု အများဆုံးဖြစ်တဲ့ ဆိပ်ကမ်းများနှင့် နှိုင်းယှဉ်ကြည့်ခဲ့ရာမှာလည်း ရန်ကုန်ဆိပ်ကမ်း၌ တစ်တန်လျှင် အမေရိကန်ဒေါ်လာ နှစ်ဒေါ်လာနှုန်း၊ ထိုင်းနိုင်ငံမှာ ၁.၀၃ ဒေါ်လာနှုန်းနဲ့ ဗီယက်နမ်နိုင်ငံမှာ ၃.၈ ဒေါ်လာနှုန်းဖြစ်သဖြင့် ရန်ကုန်ဆိပ်ကမ်းရဲ့နှုန်းထားမှာ သင့်တင့်သောနှုန်းထားဖြစ်ကြောင်း တွေ့ရှိရပါတယ်။

၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွင်း ရန်ကုန်ဆိပ်ကမ်းသို့ ဝင်ရောက်ခဲ့သည့် ဆန်တန်ချိန် ၂၀၀၀၀ ခန့်တင်ဆောင်ခဲ့တဲ့ သင်္ဘောနှစ်စီး ဆိပ်ကမ်းကုန်ကျစရိတ်များကို နှိုင်းယှဉ်ကြည့်ရာမှာ မိုးရာသီမှာဝင်ရောက်ခဲ့တဲ့ သင်္ဘောမှာ တံတားတွင်ကြာမြင့်ချိန် ၅၁ ရက်ရှိခဲ့သဖြင့် ကုန်ကျစရိတ် အမေရိကန်ဒေါ်လာ ၈၈၅၈၈.၅ ရှိခဲ့ပြီး ဆောင်းရာသီမှာ ဝင်ရောက်ခဲ့တဲ့သင်္ဘောမှာ တံတားတွင် ကြာမြင့်ချိန် ၂၂ ရက်သာရှိခဲ့သဖြင့် ကုန်ကျစရိတ်မှာ အမေရိကန်ဒေါ်လာ ၅၅၈၉၇၅.၈ ရှိခဲ့ကြောင်း တွေ့ရှိရပါတယ်။ ဖော်ပြပါသင်္ဘောနှစ်စီးအနေနဲ့ ကုန်တင်ဆောင်မှုပမာဏတူညီသော်လည်း ဆိပ်ကမ်းကုန်ကျစရိတ်ကွဲပြားနေရခြင်းကတော့ ကုန်ပစ္စည်းအဆင်သင့်ဖြစ်မှု၊ ရာသီဥတုအခြေအနေ၊ နေ့ရက်နှင့် အလုပ်ချိန်များအလိုက် ဆိပ်ကမ်းအခွန်အခနှုန်းထားများ သတ်မှတ်ချက်တို့ကြောင့် ဖြစ်ပါတယ်။ သင်္ဘောတစ်စီးဟာ ဆိပ်ကမ်းတံတားမှာ ဆိုက်ကပ်ပြီးဖြစ်သော်လည်း ကုန်တင်ပို့သူက ကုန်အဆင်သင့် မဖြစ်သေး၍ မတင်ဆောင်နိုင်သေးလျှင် ကုန်တင်ချိန်ကြာမြင့်ပြီး ကုန်တင်စရိတ်မြင့်တက်မှာဖြစ်ပါတယ်ခင်ဗျား။ ကုန်တင်၊ ကုန်ချသူရဲ့ တောင်းဆိုချက်အရ အလုပ်သမားဂိုဏ်းများ တာဝန်ချထားပေးသော်လည်း ကုန်တင်ကုန်ချချိန်မပြုနိုင်လျှင်လည်း ကုန်တင်ကုန်ချသူက ဂိုဏ်းကြေးပေးဆောင်ရသဖြင့် ကုန်တင်ကုန်ချစရိတ်မြင့်တက်မည်ဖြစ်ပါတယ်။ ရာသီဥတုကောင်းမွန်ပါက တစ်ရက်လျှင် ဆန်တန်ချိန် ၂၅၀၀ မှ ၃၀၀၀ အထိ တင်ဆောင်နိုင်သည့် ကုန်းနှင့် ရေပြင်နှစ်ဖက်လုံးမှာ တင်ဆောင်နိုင်ရန် စီစဉ်ထားရှိပြီးဖြစ်ပါတယ်။ ဆန်၊ ဘိလပ်မြေ၊ ဓာတ်မြေဩဇာ စတဲ့ကုန်ပစ္စည်းများဟာ ရေစိုရင်

ပျက်စီးတတ်တဲ့ကုန်ပစ္စည်းများဖြစ်တဲ့အတွက် မိုးရွာသွန်းချိန်များမှာ ကုန်တင်၊ ကုန်ချခြင်းလုပ်ငန်းကို ရပ်နားထားရသဖြင့် ဆိပ်ခံတံတားများမှာ ဆိုက်ကပ်တဲ့အချိန်ကာလ ရှည်ကြာလာပြီး ကုန်ကျစရိတ်မြင့်တက်လာမှာဖြစ်ပါတယ်ခင်ဗျား။

အခြားနိုင်ငံများနည်းတူ ပြန်တမ်းဝင်ရုံးပိတ်ရက်များမှာလည်း ကုန်တင်ကုန်ချကို နှစ်ဆကောက်ခံသဖြင့် အဆိုပါရက်များရှိသည့်ကာလများမှာ သင်္ဘောဝင်ရောက်ဆိုက်ကပ်နေပါက ကုန်ကျစရိတ်ပိုမိုများပြားမှာ ဖြစ်ပါတယ်ခင်ဗျား။ ကုန်တင်၊ ကုန်ချအလုပ်သမားများကို နေ့ဆိုင်းနဲ့ ညဆိုင်းဟု နှစ်ပိုင်းခွဲခြား၍ တာဝန်ချထားပေးရပါတယ်။ ပုံမှန်အလုပ်ချိန် နေ့ဆိုင်းအတွက် မနက် ၈ နာရီကနေ ညနေ ၄ နာရီ၊ ညဆိုင်း ည ၈နာရီကနေ မနက် ၄ နာရီနဲ့ အချိန်ပိုအလုပ်ချိန်ကတော့ နေ့ဆိုင်းအတွက်က ညနေ ၄ နာရီကနေ ည ၈ နာရီ၊ ညဆိုင်းအတွက်က မနက် ၄ နာရီကနေ ၈ နာရီကြားအထိ ရှိပါတယ်။ ဒါကြောင့်မို့လို့ သက်ဆိုင်ရာကုန်ပိုင်ရှင်ရဲ့ တောင်းဆိုလာတဲ့အခါမှာဆိုရင် ကျွန်တော်တို့က ကုန်တင်၊ ကုန်ချအလုပ်သမားတွေကို အချိန်ပိုခိုင်းစေရန်အတွက် ကုန်ကျစရိတ်လည်း ပိုမိုမြင့်မားလာမှာဖြစ်ပါတယ်။

ရန်ကုန်ဆိပ်ကမ်းကိုဆိုက်ကပ်တဲ့သင်္ဘောများဟာ ဆိပ်ကမ်းကပ်ခများအပြင် ပို့ကုန်/သွင်းကုန်လုပ်ငန်းရှင်များရဲ့စုစုပေါင်းကုန်ကျစရိတ်များမှာ အခြားသောအထောက်အပံ့ဖြစ်ရေးစီမံဆောင်ရွက်မှု (Logistics)နဲ့ ထောက်ပံ့ဖြည့်ဆည်းမှုကွင်းဆက်(Supersizing) ကုန်ကျစရိတ်မှာလည်း ပါဝင်မှာဖြစ်ပါတယ်။ လေးစားအပ်ပါသောဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတော်စီးပွားရေးအဖွဲ့အစည်း တစ်ခုဖြစ်တဲ့ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်အနေနဲ့ နိုင်ငံတော်ဝင်ငွေကို တိုးမြှင့်ရှာဖွေရန် တာဝန်ရှိသော်လည်း တစ်ဖက်မှာလည်း ပို့ကုန်/သွင်းကုန်လုပ်ငန်းရှင်များ၊ ဆိပ်ကမ်းလုပ်ငန်းဆောင်ရွက်သူများ၊ သင်္ဘောလုပ်ငန်းဆောင်ရွက်သူများနဲ့ စားသုံးသူဈေးကွက်အကြား မျှတမှုရှိစေရေးအတွက် အစဉ်အမြဲ လေ့လာဆွေးနွေးမှုများ ဆောင်ရွက်လျက်ရှိပါကြောင်းနှင့် မိမိနိုင်ငံ၏ရေကြောင်းကုန်စည်တင်ပို့ တင်သွင်းမှုအခြေအနေကို အမြဲတစေလေ့လာသုံးသပ်ပြီး ဆိပ်ကမ်းကုန်ကျစရိတ်များကို အခါအားလျော်စွာ သင့်တင့်မျှတတဲ့နှုန်းထားများဖြင့် ပြင်ဆင်ကောက်ခံနိုင်ရန်စီစဉ် ဆောင်ရွက်သွားမှာဖြစ်ပါကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စု ဒုတိယဝန်ကြီး ပြန်လည်ထွက်ခွာနိုင်ပါပြီ။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီနေ့အတွက် မေးခွန်းများ မေးမြန်း၊ ဖြေကြားခြင်းအစီအစဉ် ပြီးပါပြီ။

**အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပေးပို့လာသော တံတားကြီးများဥပဒေကြမ်းကို လက်ခံရရှိကြောင်း လွှတ်တော်သို့အသိပေးခြင်း၊ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ တင်သွင်းခြင်းနှင့် ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် ကိုယ်စားလှယ်များအမည်စာရင်း တင်သွင်းနိုင်ကြောင်း လွှတ်တော်သို့တင်ပြခြင်း**

**မူကြမ်း**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၆ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်တွင် စတင်တင်သွင်းပြီး ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့လာသော တံတားကြီးများ ဥပဒေကြမ်းကို ၁၂-၉-၂၀၁၈ ရက်နေ့တွင် လက်ခံရရှိပါတယ်။ ကိုယ်စားလှယ်များ လေ့လာနိုင်ရန် ဥပဒေကြမ်းမိတ္တူကိုလည်း ၅-၁၂-၂၀၁၈ ရက်နေ့တွင် ဖြန့်ဝေထားပြီးဖြစ်ပါတယ်။ ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ တင်သွင်းဖို့ဖြစ်ပါတယ်။ အစီရင်ခံစာတင်သွင်းရန် ဥပဒေကြမ်းကော်မတီအား ဖိတ်ခေါ်ပါတယ်။

**ဦးဇော်ဝင်း(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အားလုံးပဲမင်္ဂလာပါ။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး၊ ထန်းတပင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဇော်ဝင်းဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီရဲ့ အဖွဲ့ဝင်တစ်ဦး ဖြစ်ပြီးတော့ ဥပဒေကြမ်းကော်မတီရဲ့ တာဝန်ပေးချက်အရ တံတားကြီးများဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး တော့ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီရဲ့ လေ့လာတွေ့ရှိချက်အစီရင်ခံစာကို ဖတ်ကြားသွား မှာဖြစ်ပါတယ်။

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**ပြည်သူ့လွှတ်တော်**

**ဥပဒေကြမ်းကော်မတီ**

စာအမှတ်၊ ၀၅/ပသ(ကမတ-ဥပဒေကြမ်း)၁/၂၀၁၉-၀၇

ရက် စွဲ၊ ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၁၆ ရက်

သို့

ဥက္ကဋ္ဌ

ပြည်သူ့လွှတ်တော်

အကြောင်းအရာ။ **တံတားကြီးများ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ လေ့လာတွေ့ရှိချက် အစီရင်ခံစာတင်ပြခြင်း**

ရည် ညွှန်း ချက်။ အမျိုးသားလွှတ်တော်၏ ၁၂-၉-၂၀၁၈ ရက်စွဲပါစာအမှတ်၊ ၁/အမ(ကော်မတီ-၁)၁/၂၀၁၈-၅၃၇

၁။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးက ပေးပို့သော တံတားကြီးများဥပဒေကြမ်းကို အမျိုးသားလွှတ်တော်၌ ၁၆-၈-၂၀၁၈ ရက်နေ့တွင် စတင်တင်သွင်းခဲ့ပြီး ၁၂-၉-၂၀၁၈ ရက်နေ့ အမျိုးသားလွှတ်တော်အစည်းအဝေး၌ ပြင်ဆင်ချက်များဖြင့် အတည်ပြုခဲ့ပြီး ပြည်သူ့လွှတ်တော်တွင် ဆွေးနွေးနိုင်ရန် အထက်ရည်ညွှန်းပါစာဖြင့် ပေးပို့လာပါသည်။

၂။ တံတားကြီးများဥပဒေကြမ်းအား ဆောက်လုပ်ရေးဝန်ကြီးဌာန အောက်ဖော်ပြပါရည်ရွယ်ချက်များကိုအခြေခံ၍ ရေးဆွဲလာခြင်းဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်-

(က) တံတားကြီး အသစ်တည်ဆောက်ခြင်း၊ အဆင့်မြှင့်တင်တည်ဆောက်ခြင်း၊ တိုးချဲ့တည်ဆောက်ခြင်း၊ ထိန်းသိမ်းခြင်း၊ ပြုပြင်ခြင်း၊ ဖျက်သိမ်းခြင်း၊ လူနှင့်မော်တော်ယာဉ်၊ ရထားစသည်တို့ တံတားပေါ်အသုံးပြုမှုကို စီမံခန့်ခွဲခြင်း၊ ကြီးကြပ်ကွပ်ကဲခြင်း၊ တံတားအသုံးပြုခ ကောက်ခံခြင်းတို့ကို စနစ်တကျ ဆောင်ရွက်နိုင်ရန်၊

(ခ) တံတားကြီးကို အသုံးပြုသူများ လုံခြုံစိတ်ချပြီး ဘေးအန္တရာယ်ကင်းရှင်းစေရန်နှင့် တံတားထိန်းသိမ်းရေး၊ ခိုင်ခံ့မှုနှင့်သက်ဆိုင်သော ကိစ္စများကို စဉ်ဆက်မပြတ် ဆောင်ရွက်နိုင်ရန်၊

**မူကြမ်း**

(ဂ) တံတားကြီးကိုအသုံးပြုရာတွင် လုံခြုံစိတ်ချ၍ ဘေးအန္တရာယ်ကင်းစွာ ခရီးသည်နှင့် ကုန်စည်စီးဆင်းမှု မြန်ဆန်ချောမွေ့စေခြင်းဖြင့် သယ်ယူပို့ဆောင်စရိတ်သက်သာစွာ နိုင်ငံသားများ၏ လူမှုစီးပွားဘဝတိုးတက်ပြီး လူနေမှုအဆင့်အတန်း မြင့်မားလာစေရန်၊

(ဃ) တံတားကြီးကို အသစ်တည်ဆောက်ခြင်း၊ အဆင့်မြှင့်တင်တည်ဆောက်ခြင်း၊ တိုးချဲ့တည်ဆောက်ခြင်း၊ ပြုပြင်ခြင်း၊ ရေရှည်အသုံးပြုနိုင်ရန် ထိန်းသိမ်းခြင်းတို့ဖြင့် နိုင်ငံတော်၏ ဖွံ့ဖြိုးရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်နိုင်စေရန်၊

၃။ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီသည် ၁၄-၁-၂၀၁၉ ရက်(တနင်္လာနေ့)တွင် ပြည်သူ့လွှတ်တော်နိုင်ငံသားများ၏ မူလအခွင့်အရေးဆိုင်ရာကော်မတီ၊ ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့်ဆောက်လုပ်ရေးဆိုင်ရာကော်မတီ၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်တို့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ ညှိနှိုင်းအစည်းအဝေးကျင်းပခဲ့ပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၅၉ အရ အခြေခံရမည့်မူ ၁၂ ချက်နှင့်အညီ အမျိုးသားလွှတ်တော်၏ ပြင်ဆင်အတည်ပြုချက်များကို စိစစ်လေ့လာခဲ့ရာ တွေ့ရှိချက်နှင့်ပြင်ဆင်ရန်တင်ပြချက်ဇယားအား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များထံ ဖြန့်ဝေထားပြီးဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ တံတားကြီးများ ဥပဒေကြမ်းကို လွှတ်တော်ကအတည်ပြုပေးနိုင်ပါရန် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၆၁ အရ စိစစ်ခဲ့ပြီး နည်းဥပဒေ ၆၃ နှင့်အညီ လွှတ်တော်သို့ အစီရင်ခံတင်ပြအပ်ပါတယ်ခင်ဗျား။ ဥပဒေကြမ်းကော်မတီ။

[အစီရင်ခံစာအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်။ ]

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**ပြည်သူ့လွှတ်တော်**

**ဥပဒေကြမ်းကော်မတီ**

စာအမှတ်၊ ၀၅/ပသ(ကမတ- ဥပဒေကြမ်း) ၁/၂၀၁၉- ၀၇

ရက် စွဲ ၊ ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီ လ ရက်

သို့

ဥက္ကဋ္ဌ

ပြည်သူ့လွှတ်တော်

အကြောင်းအရာ။ **တံတားကြီးများဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ လေ့လာတွေ့ရှိချက် အစီရင်ခံစာ တင်ပြခြင်း**

**မူကြမ်း**

ရည် ညွှန်း ချက် ။ အမျိုးသားလွှတ်တော်၏ ၁၂-၉-၂၀၁၈ ရက်စွဲပါ စာအမှတ်၊ ၁/အမ (ကော်မတီ- ၁) ၁/ ၂၀၁၈- ၅၃၇

၁။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးက ပေးပို့သော တံတားကြီးများ ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်၌ ၁၆-၈-၂၀၁၈ ရက်နေ့တွင် စတင်တင်သွင်းခဲ့ပြီး ၁၂-၉-၂၀၁၈ ရက်နေ့ အမျိုးသားလွှတ်တော် အစည်းအဝေး၌ ပြင်ဆင်ချက်များဖြင့် အတည်ပြုခဲ့ပြီး ပြည်သူ့လွှတ်တော်တွင် ဆွေးနွေးနိုင်ရန် အထက်ရည်ညွှန်းပါစာဖြင့် ပေးပို့လာပါသည်။

၂။ တံတားကြီးများဥပဒေကြမ်းအား ဆောက်လုပ်ရေးဝန်ကြီးဌာနက အောက်ဖော်ပြပါ ရည်ရွယ်ချက်များကို အခြေခံ၍ ရေးဆွဲလာခြင်းဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်-

(က) တံတားကြီး အသစ်တည်ဆောက်ခြင်း၊ အဆင့်မြှင့်တင်တည်ဆောက်ခြင်း၊ တိုးချဲ့ တည်ဆောက်ခြင်း၊ ထိန်းသိမ်းခြင်း၊ ပြုပြင်ခြင်း၊ ဖျက်သိမ်းခြင်း၊ လူနှင့်မော်တော် ယာဉ်၊ ရထားစသည်တို့ တံတားပေါ်အသုံးပြုမှုကို စီမံခန့်ခွဲခြင်း၊ ကြီးကြပ်ကွပ်ကဲခြင်း၊ တံတားအသုံးပြုခ ကောက်ခံခြင်းတို့ကို စနစ်တကျ ဆောင်ရွက်နိုင်ရန်၊

(ခ) တံတားကြီးကို အသုံးပြုသူများ လုံခြုံစိတ်ချပြီး ဘေးအန္တရာယ်ကင်းရှင်းစေရန်နှင့် တံတားထိန်းသိမ်းရေး၊ ခိုင်ခန့်မှုနှင့်သက်ဆိုင်သော ကိစ္စများကို စဉ်ဆက်မပြတ် ဆောင်ရွက်နိုင်ရန်၊

(ဂ) တံတားကြီးကို အသုံးပြုရာတွင် လုံခြုံစိတ်ချ၍ ဘေးအန္တရာယ်ကင်းစွာ ခရီးသည်နှင့် ကုန်စည်စီးဆင်းမှု မြန်ဆန်ချောမွေ့စေခြင်းဖြင့် သယ်ယူပို့ဆောင်စရိတ်သက်သာကာ နိုင်ငံသားများ၏ လူမှုစီးပွားဘဝတိုးတက်ပြီး လူနေမှုအဆင့်အတန်း မြင့်မားလာစေရန်၊

(ဃ) တံတားကြီးကို အသစ်တည်ဆောက်ခြင်း၊ အဆင့်မြှင့်တင် တည်ဆောက်ခြင်း၊ တိုးချဲ့ တည်ဆောက်ခြင်း၊ ပြုပြင်ခြင်း၊ ရေရှည်အသုံးပြုနိုင်ရန် ထိန်းသိမ်းခြင်းတို့ဖြင့် နိုင်ငံတော်၏ ဖွံ့ဖြိုးရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့် ဆောင်ရွက်နိုင်စေရန်။

၃။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် ၁၄-၁-၂၀၁၉ ရက် တနင်္လာနေ့တွင် ပြည်သူ့လွှတ်တော် နိုင်ငံသားများ၏ မူလအခွင့်အရေးဆိုင်ရာ ကော်မတီ၊ ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာကော်မတီ၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေး ကော်မရှင်တို့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ ညှိနှိုင်းအစည်းအဝေး ကျင်းပခဲ့ပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၅၉ အရ အခြေခံရမည့်မူ ၁၂ ချက်နှင့်အညီ အမျိုးသားလွှတ်တော်၏ ပြင်ဆင်အတည်ပြုချက်များကို စိစစ်လေ့လာခဲ့ရာ တွေ့ရှိချက်များနှင့် ပြင်ဆင်ရန် တင်ပြချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

**မူကြမ်း**

(က) အမျိုးသားလွှတ်တော်တွင် စတင်တင်သွင်းသော ဥပဒေကြမ်းတွင် အခန်း (၉) ခန်းနှင့် အပိုဒ်ပေါင်း ၂၂ ပိုဒ် ပါရှိပါသည်။

( ခ) ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် အမျိုးသားလွှတ်တော်၏ ပြင်ဆင် အတည်ပြုချက်များအနက် အချက် (၄၀) ချက်ကို သဘောတူလက်ခံပါသည်။

( ဂ) ဥပဒေခေါင်းစီးရှိ ၂၀၁၈ ခုနှစ်ဆိုသည့်စကားရပ်ကို ၂၀၁၉ ခုနှစ်ဟု ပြင်ဆင်ပါသည်။

(ဃ) အခန်း (၁) အပိုဒ် ၂ အပိုဒ်ခွဲ (ဂ)ရှိ ဒေသဆိုင်ရာ အစိုးရအဖွဲ့ဆိုသည့်စကားရပ်ကို သက်ဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့ဟု ပြင်ဆင်ပါသည်။

( င) အပိုဒ် ၂ အပိုဒ်ခွဲ (ဃ) နှင့် အပိုဒ်ခွဲ (င) တို့ကို အပိုဒ်ခွဲ (င) နှင့် အပိုဒ်ခွဲ (ဃ)တို့အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

(င) သက်ဆိုင်ရာဝန်ကြီးဌာန ဆိုသည်မှာ တံတားကြီး တည်ဆောက်ပြုပြင် ထိန်းသိမ်းထားသည့် ဆက်စပ်ဝန်ကြီးဌာနကို ဆိုသည်။

(ဃ) ဝန်ကြီးဌာနဆိုသည်မှာ ပြည်ထောင်စုအစိုးရ ဆောက်လုပ်ရေးဝန်ကြီးဌာနကို ဆိုသည်။

( စ) အပိုဒ် ၂ အပိုဒ်ခွဲ (စ) ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

(စ) ဦးစီးဌာနဆိုသည်မှာ ဝန်ကြီးဌာန သို့မဟုတ် သက်ဆိုင်ရာ ဝန်ကြီးဌာနက တံတားကြီးများနှင့်စပ်လျဉ်း၍ တာဝန်ပေးအပ်ထားသည့် ဦးစီးဌာနကို ဆိုသည်။

(ဆ) အပိုဒ် ၂ အပိုဒ်ခွဲ (ဆ) ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

(ဆ) ကော်မတီဆိုသည်မှာတံတားကြီး တည်ဆောက်ပြုပြင် ထိန်းသိမ်းထားသည့် နေပြည်တော် စည်ပင်သာယာရေးကော်မတီ၊ ရန်ကုန်မြို့တော် စည်ပင် သာယာရေးကော်မတီနှင့် မန္တလေးမြို့တော် စည်ပင်သာယာရေး ကော်မတီ တို့ကိုဆိုသည်။

( ဇ) အပိုဒ် ၂ အပိုဒ်ခွဲ (ဇ) ရှိ သက်ဆိုင်ရာ ဝန်ကြီးဌာနက တည်ဆောက်ထိန်းသိမ်း ထားသည့်ဆိုသည့် စကားရပ်ကို ပယ်ဖျက်ပါသည်။

(ဈ) အပိုဒ် ၂ အပိုဒ်ခွဲ (ည) ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

(ည) ရထားဆိုသည်မှာ တွဲများချိတ်ဆက်ထားရှိသော သို့မဟုတ် ချိတ်ဆက် ထားခြင်းမရှိသော စက်ခေါင်းကိုသော်လည်းကောင်း၊ နောက်တွဲယာဉ် ပါသည် ဖြစ်စေ၊ မပါသည်ဖြစ်စေ သံလမ်းပေါ်မှ အလွယ်တကူဖယ်ရှားခြင်း မပြုနိုင် သော သံလမ်းပြေးယာဉ်ကဲ့သို့သော စက်တပ်ယာဉ်ကိုသော်လည်းကောင်း ဆိုသည်။

**မူကြမ်း**

(ည) အပိုဒ် ၂ အပိုဒ်ခွဲ (ဌ) ရှိ စက်စွမ်းအားဖြင့် လွတ်လပ်စွာ ရွေ့လျားမောင်းနှင်နိုင်သည့်ဆိုသည့် စကားရပ်ကို စက်စွမ်းအားဖြင့် ရွေ့လျားမောင်းနှင်နိုင်သည့်ဟု ပြင်ဆင်ပါသည်။

( ဋ) အပိုဒ် ၂ အပိုဒ်ခွဲ (ဍ) ရှိ စက်မဲ့ရေယာဉ် အားလုံးပါဝင်သည်ဆိုသည့် စကားရပ်ကို စက်မဲ့ရေယာဉ်အားလုံးကိုဆိုသည်ဟု ပြင်ဆင်ပါသည်။

( ဌ) အပိုဒ် ၂ အပိုဒ်ခွဲ (ဏ) ရှိ ဦးစီးဌာနကဆိုသည့် စကားရပ်ကို ဦးစီးဌာန သို့မဟုတ် ကော်မတီကဟု ပြင်ဆင်ပါသည်။

( ဍ) အပိုဒ် ၂ အပိုဒ်ခွဲ (တ) ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

(တ) တံတားကြီးနယ်နိမိတ် ဆိုသည်မှာ တံတားကြီးတည်ဆောက်ခြင်း၊ ပြုပြင်ခြင်း၊ ထိန်းသိမ်းခြင်း လုပ်ငန်းများ ဆောင်ရွက်ရန် ဝန်ကြီးဌာနမှ လုပ်ထုံးလုပ်နည်းများနှင့်အညီ အများပြည်သူ သိသာမြင်သာစေရန် ထင်ရှားသော အမှတ်အသားတစ်ခုခု စိုက်ထူ၍ သတ်မှတ်ထားသည့် ကုန်းနယ်နိမိတ်နှင့် ရေနယ်နိမိတ် အပိုင်းအခြားတို့ကိုဆိုသည်။

( ဎ) အပိုဒ် ၂ အပိုခွဲ (ထ) ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

(ထ) တံတားဆိုင်းဘုတ် ဆိုသည်မှာ တံတားချဉ်းကပ်လမ်း၊ တံတားကြီးပေါ်နှင့် တံတားကြီးနယ်နိမိတ်အတွင်း ဖော်ပြထားသည့်လမ်းညွှန်ဆိုင်းဘုတ်၊ ခွင့်ပြုမိုင်နှုန်း၊ တံတားခံနိုင်ဝန် ဆိုင်းဘုတ်၊ အန္တရာယ် အသိပေးဆိုင်းဘုတ်နှင့် တံတားအောက်မှ ဖြတ်သန်းမည့် ရေယာဉ်များအတွက် ရေလမ်းကြောင်းပြ လမ်းညွှန်ဆိုင်းဘုတ်နှင့် စည်းကမ်းတကျ မောင်းနှင်သွားလာနိုင်ရေးအတွက် တားမြစ်ဆိုင်းဘုတ်ကိုဆိုသည်။

(ဏ) အပိုဒ် ၂ အပိုဒ်ခွဲ (ဓ) ရှိ တံတားအကာအကွယ်နှင့်ဆိုသည့် စကားရပ်ကို တံတားအကာအရံနှင့်ဟု ပြင်ဆင်ပါသည်။

(တ) အပိုဒ် ၂ အပိုဒ်ခွဲ (န) ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

(န) သဘာဝဘေးအန္တရာယ်ဆိုသည်မှာ သဘာဝအလျောက် မီးလောင်ခြင်း၊ မြေပြိုခြင်း၊ မုန်တိုင်းတိုက်ခတ်ခြင်း၊ ရေလွှမ်းမိုးခြင်း၊ မိုးကြိုးပစ်ခြင်း၊ မိုးခေါင်ခြင်း၊ မြေငလျင်လှုပ်ခြင်း၊ ဆူနာမီလှိုင်းဖြစ်ပေါ်ခြင်း၊ ဆီးနှင်းပြိုကျခြင်း၊ အပူလှိုင်း သို့မဟုတ် အအေးလှိုင်းဒဏ်ခံရခြင်း၊ မီးတောင်ပေါက်ကွဲခြင်း၊ ကမ်းပြိုခြင်း စသည်တို့ကိုဆိုသည်။

( ပ) လူပုဂ္ဂိုလ်တို့၏ ဖျက်ဆီးမှုဆိုသည်မှာ မတော်တဆမှုကြောင့်ဖြစ်စေ အကြမ်းဖက်ခြင်း၊ လက်နက်ကိုင်သောင်းကျန်းမှု ဖြစ်ပွားခြင်းကြောင့်ဖြစ်စေ ပျက်စီးမှုကိုဆိုသည်။

**မူကြမ်း**

(ထ) အခန်း (၃) ခေါင်းစဉ်ကို အဆိုပြုပြဋ္ဌာန်းချက်အတိုင်း ထားရှိပါသည်။

( ဒ) အခန်း (၃) အပိုဒ် ၄ ခြေဆင်းကို အဆိုပြုပြဋ္ဌာန်းချက်အတိုင်း ထားရှိပါသည်။

( ဓ) အပိုဒ် ၄ အပိုဒ်ခွဲ (ဂ) ရှိ ပြည်ထောင်စုအစိုးရအဖွဲ့၏ဆိုသည့် စကားရပ်ကို အစိုးရအဖွဲ့၏ဟု ပြင်ဆင်ပါသည်။

( န) အပိုဒ် ၄ အပိုဒ်ခွဲ (င) ရှိ သက်ဆိုင်ရာ ဦးစီးဌာနဆိုသည့် စကားရပ်ကို ဦးစီးဌာနဟု ပြင်ဆင်သဖြင့် ယင်းဥပဒေကြမ်းရှိ သက်ဆိုင်ရာ ဦးစီးဌာနဆိုသည့် စကားရပ်များကို ဦးစီးဌာနဟုအသီးသီး ပြင်ဆင်ပါသည်။

( ပ) အပိုဒ် ၄ အပိုဒ်ခွဲ (စ) ရှိ အခြားဝန်ကြီးဌာနများဆိုသည့် စကားရပ်ကို သက်ဆိုင်ရာ ဝန်ကြီးဌာနများဟု ပြင်ဆင်ပါသည်။

( ဖ) အပိုဒ် ၄ အပိုဒ်ခွဲ (ဆ) ရှိ ဆက်စပ်ဝန်ကြီးဌာနများ၊ ဒေသဆိုင်ရာ အစိုးရအဖွဲ့များနှင့် ဆိုသည့် စကားရပ်ကို သက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ သက်ဆိုင်ရာ အစိုးရအဖွဲ့များနှင့် ဟု ပြင်ဆင်ပါသည်။

( ဗ) အပိုဒ် ၄ အပိုဒ်ခွဲ (ဇ) ရှိ အမည်သတ်မှတ်ခြင်းနှင့် အမည်ပြောင်းလဲခြင်းကိုဆိုသည့် စကားရပ်ကို အမည်သတ်မှတ်ခြင်း သို့မဟုတ် အမည်ပြောင်းလဲခြင်းကိုဟု ပြင်ဆင်ပါသည်။

(ဘ) အပိုဒ် ၅ ခြေဆင်းကို အဆိုပြုပြဋ္ဌာန်းချက်အတိုင်း ထားရှိပါသည်။

( မ) အပိုဒ် ၅ အပိုဒ်ခွဲ (ခ) ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

(ခ) တံတားကြီး၏ နယ်နိမိတ်၊ အမည်၊ အမှတ်၊ တည်ရှိသည့်နေရာ၊ ချဉ်းကပ်လမ်းစတင်သည့်နေရာ၊ တံတားကြီးပေါ်သို့ဝင်ခြင်း၊ တံတားကြီးပေါ်မှ ထွက်ခြင်း၊ ဆက်သွယ်ကူးပြောင်းနိုင်သည့်နေရာ၊ တံတားတည်ဆောက်ရေးနှင့် တံတားထိန်းသိမ်းရေးစခန်းနေရာ၊ တံတားအသုံးပြု၍ ကောက်ခံမည့်နေရာနှင့် အခြားလိုအပ်သည်တို့ကို သတ်မှတ်ကြေညာခြင်း

(ယ) အပိုဒ် ၅ အပိုဒ်ခွဲ (ဂ) ရှိ တံတားကြီးဒီဇိုင်းရေးဆွဲခြင်းဆိုသည့် စကားရပ်ကို တံတားကြီး၏ ဒီဇိုင်းရေးဆွဲခြင်းဟု ပြင်ဆင်ပါသည်။

( ရ) အပိုဒ် ၅ အပိုဒ်ခွဲ (င) အပိုဒ်ခွဲငယ် (၂) ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

(င)(၂) အနည်းဆုံး လိုအပ်သည့် မြေယာသိမ်းယူခြင်း၊ အဆောက်အအုံဖယ်ရှားခြင်းတို့ကို တည်ဆဲဥပဒေများနှင့်အညီ အခြားဝန်ကြီးဌာနများ၊ သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့များနှင့် ပူးပေါင်းညှိနှိုင်း ဆောင်ရွက်ခြင်း၊

(လ) အပိုဒ် ၅ အပိုဒ်ခွဲ (ဇ) ရှိ ဘေးဖြစ်စေတတ်သော စက်သုံးဆီ၊ ဓာတုဗေဒပစ္စည်းများ သိုလှောင်ခြင်းဆိုသည့် စကားရပ်ကို ဘေးဖြစ်စေတတ်သော ဓာတုဗေဒပစ္စည်းများ၊ စက်သုံးဆီသိုလှောင်ခြင်းဟု ပြင်ဆင်ပါသည်။

( ဝ) အခန်း (၄) အပိုဒ် ၆ အပိုဒ်ခွဲ (က) နှင့် (ခ) တို့ရှိ တာဝန်ခံဝန်ကြီးဌာနဆိုသည့် စကားရပ်ကို ဝန်ကြီးဌာနဟုလည်းကောင်း၊ အပိုဒ်ခွဲ (ဂ) ရှိ အကောင်အထည်ဖော် ဆောင်ရွက်ခြင်း ဆိုသည့်စကားရပ်ကို ကြီးကြပ်ဆောင်ရွက်ခြင်းဟုလည်းကောင်း အသီးသီး ပြင်ဆင်ပါသည်။

(သ) အပိုဒ် ၆ အပိုဒ်ခွဲ (င) နှင့် (စ) တို့ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

(င) တံတားကြီး နယ်နိမိတ်ကို အများပြည်သူ သိသာမြင်သာစေရန် အမှတ်အသား တစ်ခုခုဖြင့် အခိုင်အမာ စိုက်ထူခြင်း၊

(စ) တံတားကြီး တံတားအသုံးပြုခနှုန်းထားများကို သက်ဆိုင်ရာမှတစ်ဆင့် အစိုးရ အဖွဲ့၏ ခွင့်ပြုချက်ဖြင့် သတ်မှတ်ခြင်း၊

(ဟ) အပိုဒ် ၆ အပိုဒ်ခွဲ (ဋ) ရှိ ဒေသဆိုင်ရာ အစိုးရအဖွဲ့များဆိုသည့် စကားရပ်ကို သက်ဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့ဟု ပြင်ဆင်ပါသည်။

( ဠ ) အမျိုးသားလွှတ်တော်၏ အသစ်ဖြည့်စွက်ချက် အပိုဒ် ၆ အပိုဒ်ခွဲ (ဍ) ကို ပယ်ဖျက် ပါသည်။

( အ ) အခန်း (၅) အပိုဒ် ၈ အပိုဒ်ခွဲ (က) ရှိ သက်ဆိုင်ရာဦးစီးဌာန သို့မဟုတ် ကော်မတီက ဆိုသည့် စကားရပ်ကို ဦးစီးဌာန သို့မဟုတ် ကော်မတီကဟု ပြင်ဆင်ပါသည်။

( - ) အပိုဒ် ၈ အပိုဒ်ခွဲ (ဂ) ရှိ အမြန်နှုန်းထက် ပိုမမောင်းရဆိုသည့် စကားရပ်ကို သတ်မှတ် အမြန်နှုန်းထက်ပိုမမောင်းရဟု ပြင်ဆင်ပါသည်။

( - ) အပိုဒ် ၈ အပိုဒ်ခွဲ (င) ကို အဆိုပြုပြဋ္ဌာန်းချက်အတိုင်း ထားရှိပါသည်။

( - ) အခန်း (၆) အပိုဒ် ၉ အပိုဒ်ခွဲ (ဂ) ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

(ဂ) တံတားတည်ဆောက်ရေး ဝန်ထမ်းများ ယာယီနေထိုင်ရန် အထောက်အကူပြု အဆောက်အအုံ ဆောက်လုပ်နိုင်သည်။

( - ) အခန်း (၇) အပိုဒ် ၁၀ ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၁၀။ မည်သူမျှ ခွင့်ပြုချက်မရှိဘဲ တံတားကြီးအဆင့်မြှင့်တင် တည်ဆောက်ခြင်း၊ တိုးချဲ့တည်ဆောက်ခြင်း၊ ထိန်းသိမ်းခြင်း၊ ပြုပြင်ခြင်းစသည့် လုပ်ငန်း ဆောင်ရွက်နေသော တံတားကြီးများပေါ်တွင် မော်တော်ယာဉ်၊ စက်ယန္တရား၊ ရထား သို့မဟုတ် အနှေးယာဉ်ကို ရပ်နားခြင်း သို့မဟုတ် ရပ်ဆိုင်းခြင်းမပြုရ။

**မူကြမ်း**

( - ) အပိုဒ် ၁၂ အပိုဒ်ခွဲ (က) ရှိ ကြိုးလိုင်းတစ်စုံတစ်ရာ ဆောက်လုပ်ခြင်းဆိုသည့် စကားရပ်ကို ကြိုးလိုင်းတစ်စုံတစ်ရာ ဆောက်လုပ်ခြင်း၊ သွယ်တန်းခြင်း ဟု ပြင်ဆင်ပါသည်။

( - ) အပိုဒ် ၁၂ အပိုဒ်ခွဲ (ဂ) ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

(ဂ) တံတားကြီး၏ ရေဆန်ဘက်နှင့် ရေစုန်ဘက်တွင် သတ်မှတ်ထားသော အကွာအဝေးအတွင်း သဲ၊ ကျောက်စရစ် တူးဖော်ခြင်း၊ ရေယာဉ်ဆိပ်ကမ်းအဖြစ် အသုံးပြုခြင်း၊ ဘေးဖြစ်စေတတ်သော ဓာတုဗေဒပစ္စည်းများ၊ စက်သုံးဆီ သိုလှောင်ခြင်း၊ သယ်ယူပို့ဆောင်ခြင်း။

( - ) အခန်း (၈) အပိုဒ် ၁၄ အပိုဒ်ခွဲ (က) ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

(က) ပုဒ်မ ၁၁၊ ပုဒ်မခွဲ (က) နှင့် (ခ) ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး သုံးနှစ်မှ အများဆုံး ခုနစ်နှစ်အထိ ထောင်ဒဏ်ချမှတ်ရမည့်အပြင် တံတားကြီးဆိုင်ရာပျက်စီးဆုံးရှုံးမှု တန်ဖိုး၏ နှစ်ဆကိုပေးလျော်စေရမည်။

( - ) အပိုဒ် ၁၄ အပိုဒ်ခွဲ (ခ) ရှိ ပုဒ်မ ၁၁၊ ပုဒ်မခွဲ(ဂ)(ဃ)(ဇ)(ဈ)(ဌ) နှင့် (ဎ) တို့ပါဆိုသည့် စကားရပ်ကို ပုဒ်မ ၁၁၊ ပုဒ်မခွဲ (ဂ) (စ) (ဆ) (ဌ) နှင့် (ဎ)ဟုလည်းကောင်း၊ အပိုဒ်ခွဲ (ဂ) ရှိ ပုဒ်မ ၁၁၊ ပုဒ်မခွဲ (င) (စ) (ဆ) (ည) (ဋ) နှင့် (ဍ) တို့ပါဆိုသည့် စကားရပ်ကို ပုဒ်မ ၁၁၊ ပုဒ်မခွဲ (ဃ) (င) (ဇ) (ဈ) (ည) (ဋ) နှင့် (ဍ)ဟုလည်းကောင်း၊ အသီးသီး ပြင်ဆင်ပါသည်။

( - ) အပိုဒ် ၁၆ ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၁၆။ မည်သူမဆို ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက် တစ်ရပ်ရပ်ကိုလိုက်နာရန် ပျက်ကွက်လျှင် ထိုပြစ်မှုအတွက် သီးခြားပြစ်ဒဏ်ပြဋ္ဌာန်းထားခြင်းမရှိပါက ထိုသူကို အနည်းဆုံးကျပ်ငါးသောင်းမှ အများဆုံး ကျပ်သုံးသိန်းအထိ ငွေဒဏ်ချမှတ်ရမည့်အပြင် တံတားကြီးဆိုင်ရာ ပျက်စီးဆုံးရှုံးမှုတန်ဖိုး၏ နှစ်ဆကိုပေးလျော်စေရမည်။

( - ) အခန်း (၉) အပိုဒ် ၁၇ ရှိ အမြန်နှုန်းဖြင့် မောင်းနှင်ရမည်ဆိုသည့် စကားရပ်ကို သတ်မှတ်အမြန်နှုန်းဖြင့် မောင်းနှင်ရမည်ဟု ပြင်ဆင်ပါသည်။

( - ) အမျိုးသားလွှတ်တော်၏ အသစ်ဖြည့်စွက်ချက် အပိုဒ် ၁၈ ကို ပယ်ဖျက်ပါသည်။

( - ) အပိုဒ် ၁၉ ကို အပိုဒ် ၁၈ အဖြစ် ပြင်ဆင်ပြီး ယင်းအပိုဒ်ရှိ ဆောက်လုပ်ခြင်းပြုလုပ်လိုပါကဆိုသည့် စကားရပ်ကို ဆောက်လုပ်ခြင်း၊ သွယ်တန်းခြင်းပြုလုပ်လိုပါကဟု ပြင်ဆင်ပါသည်။

**မူကြမ်း**

( - ) အပိုဒ် ၂၀ ကို အပိုဒ် ၁၉ အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၁၉။ ဤဥပဒေပါပြစ်မှုများကို ရဲအရေးပိုင်သော ပြစ်မှုများအဖြစ် သတ်မှတ်သည်။

( - ) အပိုဒ် ၂၁ အဖြစ် အောက်ပါအတိုင်း အသစ်ဖြည့်စွက်ပါသည်-

၂၁။ သက်ဆိုင်ရာ ဝန်ကြီးဌာနနှင့် ကော်မတီသည် ၎င်းတို့၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များနှင့် ဆန့်ကျင်မှုမရှိလျှင် တံတားကြီးများ တည်ဆောက်ခြင်း၊ ပြုပြင်ခြင်း၊ ထိန်းသိမ်းခြင်းနှင့်စပ်လျဉ်း၍ ဤဥပဒေပါ ဝန်ကြီးဌာန၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များကို ကျင့်သုံးရမည်။

( - ) အပိုဒ် ၂၂ ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၂၂။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်ထည်ဖော် ဆောင်ရွက်ရာတွင် -

(က) ဝန်ကြီးဌာနသည် နည်းဥပဒေ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ဝန်ကြီးဌာန သို့မဟုတ် သက်ဆိုင်ရာ ဝန်ကြီးဌာနသည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

(ဂ) ဦးစီးဌာန၊ ဝန်ကြီးဌာန သို့မဟုတ် သက်ဆိုင်ရာ ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် အမိန့်နှင့်ညွှန်ကြားချက်များကို ထုတ်ပြန်နိုင်သည်။

(ဃ) ကော်မတီသည် နေပြည်တော်ကောင်စီ၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ သို့မဟုတ် မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အမိန့်နှင့်ညွှန်ကြားချက်များကို ထုတ်ပြန်နိုင်သည်။

၄။ သို့ဖြစ်ပါ၍ တံတားကြီးများ ဥပဒေကြမ်းးကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၆၁ အရ စိစစ်ခဲ့ပြီး နည်းဥပဒေ ၆၃ နှင့်အညီ လွှတ်တော်သို့ အစီရင်ခံ တင်ပြအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ တံတားကြီးများဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆို တင်သွင်းဆွေးနွေးလိုသူများသည် ပြင်ဆင်လိုသည့် ဥပဒေကြမ်း၏ အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာတို့ကို တိတိကျကျဖော်ပြ၍ ၂၅-၁-၂၀၁၉ ရက်(သောကြာနေ့) ညနေ ၄း၀၀ နာရီနောက်ဆုံးထားပြီး ပြည်သူ့လွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းရန်ဖြစ်ကြောင်း အသိပေးကြေညာပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စု ဒုတိယဝန်ကြီး ပြန်လည်ထွက်ခွာနိုင်ပါပြီ။

**မူကြမ်း**

**ဒေါက်တာသန်းအောင်စိုး၊ မင်းလှမဲဆန္ဒနယ်က လူနှင့်တိရစ္ဆာန်များတွင် ခွေးရူးရောဂါဖြစ်ပွားမှု လျော့နည်းကျဆင်းရေးအတွက် ဌာနဆိုင်ရာများ၊ ပြည်တွင်းပြည်ပအဖွဲ့အစည်းများ အားလုံးပူးပေါင်းလျက် စီမံချက်ချမှတ်ရေးဆွဲပြီးဆောင်ရွက်ရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုတင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန်သင့်/မသင့် အဆုံးအဖြတ်ရယူခြင်း**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၇ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မင်းလှမဲဆန္ဒနယ်မှ ဒေါက်တာသန်းအောင်စိုးက အဆိုတစ်ရပ်တင်သွင်းထားပါတယ်။ ဒေါက်တာသန်းအောင်စိုးအား အဆိုတင်သွင်းဖို့ ဖိတ်ခေါ်ပါတယ်။

**ဒေါက်တာသန်းအောင်စိုး(မင်းလှမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါတဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့်ဝန်ကြီးများ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာပါ။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး၊ မင်းလှမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာသန်းအောင်စိုး ဖြစ်ပါတယ်။ လူနှင့်တိရစ္ဆာန်တွေမှာ ခွေးရူးရောဂါဖြစ်ပွားမှု လျော့နည်းကျဆင်းရေးအတွက် ဌာနဆိုင်ရာများ၊ ပြည်တွင်းပြည်ပအဖွဲ့အစည်းများအားလုံး ပူးပေါင်းလျက် စီမံချက်ချမှတ်ရေးဆွဲပြီးဆောင်ရွက်ရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို တင်သွင်းသွားမှာ ဖြစ်ပါတယ်။

လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ခွေးရူးရောဂါဆိုတာ အင်မတန်ကြောက်စရာကောင်းပါတယ်။ ဖြစ်ပွားရင်၊ ရောဂါလက္ခဏာပြရင် ကုလို့မရပါဘူး။ ရာနှုန်းပြည့်သေဆုံးပါတယ်။ မသေခင်လည်း အပြင်းအထန်ဝေဒနာခံစားရပြီးတော့ ရေမသောက်နိုင် လည်ပင်းတစ်ဆို့ပြီး သေဆုံးရတာဖြစ်ပါတယ်။ Hydrophobia လို့လည်း ခေါ်ပါတယ်။ ကမ္ဘာပေါ်မှာ ခွေးရူးရောဂါကြောင့် ကိုးမိနစ်မှာ လူတစ်ယောက်လောက် သေဆုံးနေပါတယ်။ အာရှနှင့် အာဖရိကတိုက်မှာ အဖြစ်များပြီး မြန်မာနိုင်ငံမှာလည်း အဖြစ်များပါတယ်။ စာရင်းအတိအကျ မရပေမဲ့ တစ်နှစ်မှာ လူ ၂၀၀ လောက် သေဆုံးတယ်လို့ ခန့်မှန်းပါတယ်။ ၁၅ နှစ်အောက်ကလေးတွေဟာ ခွေးအနီးမှာ ပြေးလွှားဆော့ကစားလို့ မျက်စိနှောက်ပြီး အကိုက်ခံရတာ များပါတယ်။ ဒါကြောင့် ခွေးတွေ့ရင် အကြောက်လွန်ပြီး ထွက်မပြေးဖို့လည်း လိုပါတယ်။ ကျေးဇူးပြုပြီး Power Point သုံးစွဲခွင့်ပြုဖို့ မေတ္တာရပ်ခံအပ်ပါတယ်။ ခွေးရူးရောဂါအကြောင်းပြောရရင် Lyssay Viruses ကြောင့်ဖြစ်တာပါ။ Neurotropic ဗိုင်းရပ်စ် အာရုံကြောကို ကြိုက်တဲ့ဗိုင်းရပ်စ်ပါ။ ရူးတဲ့ခွေးရဲ့တံတွေးကတစ်ဆင့် အကိုက်ခံရသူကိုယ်ထဲ ရောက်ပါတယ်။ တစ်ပတ်၊ သုံးလ၊ ခြောက်လ၊ တစ်နှစ် စသည်ဖြင့် ကြာအောင် ပိုးပျိုးနေပြီးမှ လက္ခဏာပြပါတယ်။ တချို့တစ်နှစ်ထက်ပိုပြီးတော့ ကြာပါတယ်။ ရောဂါလက္ခဏာပြရင်တော့ ကုလို့မရတော့ပါဘူး။ ဒါကြောင့် ခွေးကိုက်ခံရရင် ဒဏ်ရာကို ရေလောင်းချပြီး ၁၅ မိနစ်လောက် ဆပ်ပြာနှင့်ဆေးရပါမယ်။ ပြီးမှ ပိုးသတ်ဆေး Antiseptic solution ထည့်ပေးရ

ပါမယ်။ ဒဏ်ရာကိုမချုပ်ရဘူး။ Suture မလုပ်ရပါဘူး။ Tetanus ဆိုတဲ့ မေးခိုင်ရောဂါ ဝင်တတ်လို့ ဖြစ်ပါတယ်။ ဒါကြောင့် မေးခိုင်ရောဂါကာကွယ်ဆေးထိုးရပါမယ်။ ခွေးရူးရောဂါကာကွယ်ဆေးလည်း ထိုးရပါမယ်။ အရေပြားသွေးစို့ရုံခြစ်မိလည်း ကာကွယ်ဆေးထိုးရပါမယ်။ Verorab တို့၊ Rabies တို့ အဲဒါတွေကို Day 0၊ Day 3၊ Day 7၊ Day 28 စသည်ဖြင့် ထိုးရပါမယ်။ ခြေထောက်၊ လက်၊ မျက်နှာတွေမှာ ခွေးရူးကိုက်မိရင်တော့ ကာကွယ်ဆေးရော၊ ဖြေဆေးပါ ထိုးဖို့လိုပါတယ်။ RIG(Rabies Immunoglobulin)သွေးရည်ကြည်ပါ။ အကိုက်ခံရတဲ့ဒဏ်ရာဝန်းကျင်ကို လူနာရဲ့ခန္ဓာကိုယ် အလေးချိန်နဲ့တွက်ပြီး ဆရာဝန်က ထိုးပေးမှာဖြစ်ပါတယ်။ ဒါတွေက လူအတွက် ခွေးရူးကာကွယ် ဆေးနဲ့ ဖြေဆေးပါ။ ဒီလို ပုံစံတွေနဲ့လည်း ထိုးပါတယ်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ခွေးရူးရောဂါဖြစ်ပွား ခြင်းမှာ ၉၉ ရာခိုင်နှုန်းက ခွေးကကိုက်လို့ ကူးတာ ဖြစ်ပါတယ်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့(WHO)၊ ကမ္ဘာ့ စားနပ်ရိက္ခာအဖွဲ့(FAO)၊ ကမ္ဘာ့တိရစ္ဆာန်ကျန်းမာရေးအဖွဲ့(OIE)တို့ကလည်း တစ်ခုတည်းသော ကျန်းမာရေး(One Health)အနေနဲ့ ခွေးရူးရောဂါကို အရေးကြီးဆုံးရောဂါသုံးမျိုးထဲမှာ ထည့်ထားပါ တယ်။ မြန်မာနိုင်ငံမှာလည်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီး ဌာန၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောဝန်ကြီးဌာနတို့ကလည်း Zoonoses လို့ခေါ်တဲ့ တိရစ္ဆာန်က လူကိုကူးတဲ့ အဓိကရောဂါကြီးခြောက်မျိုးမှာ ခွေးရူးရောဂါကို ပထမအရေးကြီးဆုံးရောဂါအဖြစ် ဖော်ပြထားပါတယ်။ အခုနောက်ဆုံးထုတ်ပြန်တဲ့စာရင်းအရ မြန်မာပြည်မှာ ခွေးကောင်ရေ ၃.၈ သန်း ရှိပါတယ်။ လူကို ခွေးကိုက်ခံရမှုက တစ်နှစ်မှာ ၁၅၀၀၀၀ ကနေပြီး ၂၀၀၀၀၀ ခန့်အထိလို့ ခန့်မှန်းကြပါ တယ်။ ဒါကတော့ နှစ်အလိုက် ခွေးရူးဖြစ်ပွားမှုကို ဖော်ပြထားတာပါ။ ခွေးရူးလို့ သံသယနှင့် သေဆုံးတဲ့ တိရစ္ဆာန်တွေကို မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနဓာတ်ခွဲခန်းမှာ စစ်ထားတဲ့အဖြေတွေပါ။ သံသယရှိရင် တော်တော်များများမှန်နေတာ တွေ့ရပါတယ်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ခွေးရူးရောဂါက သတ္တဝါတော်တော်များများမှာ ဖြစ်ပါတယ်။ လင်းနို့မှာတော့ ရောဂါမဖြစ်ဘဲ ပိုးသယ်ဆောင်လာနိုင် တာကြောင့် လုံးဝအမြစ်ပြတ်ဖို့ Eradicate လုပ်ဖို့ မရနိုင်ပါဘူး။ လျော့နည်းအောင်၊ ကူးစက်မှုမရှိ အောင် Eliminate လုပ်ဖို့ ကြိုးစားကြရပါတယ်။ WHO ကလည်း ၂၀၃၀ ခုနှစ်မှာ ခွေးရူးရောဂါ ကြောင့် သေဆုံးသူမရှိစေရ။ Zero Deaths by 2030 လို့ ရည်မှန်းချက်ထားပါတယ်။ တစ်ကမ္ဘာလုံး အနေနဲ့ကလည်း စက်တင်ဘာလ ၂၉ ရက်နေ့ကို ကမ္ဘာ့ခွေးရူးရောဂါတိုက်ဖျက်ရေးနေ့ဆိုပြီး သတ်မှတ် ကျင်းပခဲ့တာ (၁၂)ကြိမ် ရှိပါပြီ။ Rabies: Share The massages Save a Life ခွေးရူးရောဂါ ကာကွယ်ဖို့ သတင်းစကားမျှဝေကာအသက်ကယ်စို့လို့ ဒီနှစ်ဆောင်ပုဒ်ဖြစ်ပါတယ်။ တစ်ကမ္ဘာလုံး ဆိုင်ရာ မူဘောင်တွေအနေနဲ့ Global Framework ချမှတ်ထားပါတယ်။ အနီလေးတွေနဲ့ ကွင်းပြီးတော့ ဖော်ပြထားတာ ဖြစ်ပါတယ်။ Socio-cultural လူမှုရေးဆိုင်ရာယဉ်ကျေးမှု၊ Technical နည်းပညာ ပံ့ပိုးမှု၊ Organizational အဖွဲ့အစည်းတွေနဲ့ဆက်သွယ်မှု၊ Political မူဝါဒ၊ ညွှန်ကြားချက် တွေ၊ Resources အရင်းအမြစ်နှင့် ဘဏ္ဍာငွေရရှိမှုတို့ ပါဝင်ပါတယ်။ အာဆီယံအနေနဲ့လည်း အခုလို နည်းဗျူဟာတွေချမှတ်ထားပါတယ်။ မြန်မာနိုင်ငံအနေနဲ့လည်း ခွေးရူးရောဂါအကြောင်းကို ဆရာဝန်

တွေ၊ တိရစ္ဆာန်ဆေးကုဆရာဝန်တွေနဲ့ ပညာရှင်တွေက သတင်းစာ၊ မဂ္ဂဇင်း၊ ဂျာနယ်၊ TV တွေကနေပြီး ရေးသားဖော်ပြဆွေးနွေးတင်ပြနေကြပါတယ်။ သွေးစို့ရုံ၊ သွားနဲ့ခြစ်မိရုံနဲ့ ကာကွယ်ဆေးမထိုးမိရာက အသက်ဆုံးရှုံးရတဲ့ တကယ့်အဖြစ်အပျက်ကို အာရောဂျံမဂ္ဂဇင်းမှာ ခြစ်မိလို့ဆိုတဲ့ ခွေးယရစ်စသတ် ခြစ်နဲ့ ခေါင်းစဉ်နဲ့ ရေးသားခဲ့ပါတယ်။ ခွေးသာမက ကြောင်မှာလည်း ဖြစ်တတ်လို့ ကြောင်တွေပါ ကာကွယ်ဆေးထိုးဖို့ လိုပါတယ်။ အသက်သုံးလသားကစပြီး တစ်နှစ်တစ်ကြိမ် ထိုးတာတော့ စိတ်ချရပါတယ်။ ဒါကတော့ ခွေး၊ ကြောင်ထိုးတဲ့ ကာကွယ်ဆေးပါ။ ဒါ ခွေးလေးတွေကို ထိုးတဲ့ပုံဖြစ်ပါတယ်။ ဒါက ကြောင်လေးတွေကို ဆေးထိုးနေတာပါ။ အဓိကကတော့ Stray Dogs လို့ခေါ်တဲ့ လမ်းဘေးခွေးပြဿနာပါ။ တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက် ကြည့်မယ်ဆိုရင် Stray Dogs ပေါတဲ့ ရန်ကုန်နှင့် မန္တလေး၊ ပဲခူးတိုင်းဒေသကြီးတွေမှာ အဖြစ်များတာ တွေ့ရပါတယ်။ အရင်က စည်ပင်က အဆိပ်ကျွေး ပြီးတော့ ဖြေရှင်းခဲ့ကြပေမဲ့ အခုခွေးချစ်သူတွေရော၊ Animal Welfare လို့ခေါ်တဲ့ တိရစ္ဆာန်များ သက်သာစွာနေနိုင်ရေးအရရော လက်မခံကြတော့ပါဘူး။ Socio-cultural ပြဿနာပါ။ စည်ပင် အဆိပ်ကျွေးတဲ့ခေတ်က အဆိပ်မိတဲ့ခွေးတွေကို ကုဖို့အတွက် ခေါ်တဲ့လူကတစ်ယောက်၊ သွားကုတော့လည်း အဆိပ်ကျွေးခိုင်းတဲ့သူနဲ့တွေ့လို့ ဆရာဝန်ရန်တွေ့ခံရတဲ့အဖြစ်ကို မြန်မာ့မွေးမြူရေး စာစောင်မှာ လားရာမတူသော မျဉ်းပြိုင်နှစ်ကြောင်း၏အလယ်ဆိုပြီး ရေးခဲ့ပါတယ်။ ဒါက Public Awareness ရဖို့ ဖြန့်ဝေတဲ့သဘောပါ။ အခုဒီထက်ပိုပြီး ဆောင်ရွက်ကြရမှာ ဖြစ်ပါတယ်။ တစ်ချိန်တုန်းကတော့ မန္တလေးမှာ ခွေးဂေဟာဖွင့်ပြီးတော့ လမ်းဘေးခွေးတွေကို စောင့်ရှောက်ခဲ့ပါတယ်။ အခုတော့ ခွေးချစ်သူတွေစုပေါင်းပြီး ဆောင်ရွက်နေတာကို လူမှုကွန်ရက်တစ်ခုက အခုလို မြင်တွေ့ရပါတယ်။ လမ်းဘေးခွေးတွေကို စီမံချက်ချမှတ်ပြီး ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ မပွားအောင် သင်းကွပ်ခြင်း၊ တားဆေးထိုးခြင်း၊ ခွေးရူးကာကွယ်ဆေးထိုးခြင်းတွေကို မြို့နယ်အလိုက် ဌာနဆိုင်ရာ အားလုံးပူးပေါင်းပြီးတော့ ဆောင်ရွက်သင့်ပါတယ်။

ခွေးတွေကို ကာကွယ်ဆေးထိုးဖို့အတွက် အလှူရှင်တွေ၊ ပြည်တွင်း ပြည်ပအသင်းအဖွဲ့၊ NGO၊ INGO တွေနဲ့ ဆက်သွယ်ဆောင်ရွက်သင့်ပါတယ်။ ဒါက OIE ကနေပြီး တော့ မြန်မာပြည်အတွက် ခွေးကာကွယ်ဆေး၊ ခွေးအတွက် လေးသိန်းလှူဒါန်းခဲ့တာပါ။ ဒါကတော့ ခွေးရူးကာကွယ်ဆေးကို ကျန်းမာရေးဝန်ကြီးဌာနက သုံးစွဲခဲ့တာပါ။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် အတွက်ဆိုရင် ခွေးရူးပြန် ကာကွယ်ဆေး ၃၃၀၀၀၀ လောက် ဝယ်ပြီးတော့ တိုင်းဒေသကြီးနှင့်ပြည်နယ်က ဆေးရုံတွေကို ဖြန့်ဖြူး ပေးခဲ့ပါတယ်။ နိုင်ငံတော်အစိုးရအနေနဲ့လည်း ခွေးတွေကို ကာကွယ်ဆေးထိုးဖို့ ဘတ်ဂျက်ချမှတ် ဆောင်ရွက်ပေးမယ်ဆိုလို့ရှိရင် ပိုမိုအောင်မြင်မှာဖြစ်ပါတယ်။ ကုန်ကျစရိတ်လည်း အများကြီး သက်သာသွားမယ်။ ခွေးတွေရဲ့ ၇၀ ရာခိုင်နှုန်းလောက်ကို ထိုးပေးနိုင်ရင် ဖြစ်ပွားနှုန်းအများကြီး လျော့ကျတယ်လို့ ဆိုပါတယ်။ ခွေးရူးရောဂါသာ မကြောက်ရရင် နိုင်ငံခြားခရီးသွားတွေလည်း ပိုမို ဝင်ရောက်လာနိုင်မှာ ဖြစ်ပါတယ်။ ဒါကတော့ လယ်ဝေး၊ ညောင်ဦးနှင့် မှော်ဘီမြို့နယ်တွေမှာ စမ်းသပ် ဆောင်ရွက်ထားတာ ဖြစ်ပါတယ်။ အခုအချိန်ကစပြီးတော့ ခွေးရူးရောဂါရပ်တန့်သွားအောင် ဆောင်ရွက်ဖို့လိုပါပြီ။ ဒါကြောင့် လူမှုရေးဆိုင်ရာယဉ်ကျေးမှုဖြစ်ဖြစ်၊ နည်းပညာပိုင်းအရပဲဖြစ်ဖြစ်၊ သုတေသနပြုလုပ်ခြင်း၊ အဖွဲ့အစည်းတွေနဲ့ ဆက်သွယ်ဆောင်ရွက်ခြင်း၊ အမိန့်၊ ညွှန်ကြားချက်တွေ

ထုတ်ပြန်ခြင်း၊ ဘဏ္ဍာငွေချမှတ်သုံးစွဲခြင်း။ ဘဏ္ဍာငွေချမှတ်သုံးစွဲခြင်းဆိုတဲ့နေရာမှာလည်း လူအတွက်တင်သာမကဘဲနဲ့ ခွေးတွေအတွက် ကျွန်တော်တို့ ကာကွယ်ဆေးထိုးဖို့၊ လမ်းဘေးခွေးတွေကို ထိန်းသိမ်းစောင့်ရှောက်ဖို့၊ တကယ်လို့ တစ်တိုင်းပြည်လုံးအနေအထားအနေနဲ့ လမ်းဘေးခွေးတွေကို ထိန်းသိမ်းစောင့်ရှောက်ဖို့ မဖြစ်နိုင်သေးဘူးဆိုရင်တောင်မှ လမ်းဘေးမှာရှိတဲ့ခွေးတွေကို မျိုးမပွားအောင် တားဆေးထိုးခြင်း၊ သင်းကွပ်ခြင်း စတာတွေလုပ်ဖို့အတွက် ဘဏ္ဍာငွေချမှတ်သုံးစွဲဖို့လည်း လိုပါတယ်။ လူနဲ့တိရစ္ဆာန်တွေမှာဖြစ်ပွားတဲ့ ခွေးရူးရောဂါကို လျှော့နည်းကျဆင်းအောင် စီမံချက်ချမှတ်ရေးဆွဲ အကောင်အထည်ဖော်ဆောင်ရွက်ဖို့ ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို လေးလေးနက်နက် တင်သွင်းအပ်ပါ တယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဒေါက်တာဦးသန်းအောင်စိုး တင်သွင်းသွားတဲ့အဆိုကို ထောက်ခံမယ့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးအား ဖိတ်ခေါ်ပါတယ်။

**ဒေါက်တာမင်းသိန်း(ရေဦးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ ဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါ တယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ ရေဦးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမင်းသိန်း ဖြစ်ပါတယ်။ မင်းလှမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာသန်းအောင်စိုးရဲ့အဆိုကို ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ တိရစ္ဆာန်ကနေပြီးတော့ လူကို ကူးစက်တဲ့ရောဂါထဲမှာ ခွေးရူးရောဂါဟာ အင်မတန်ကြောက်စရာကောင်းပါတယ်။ ခွေးရူးရောဂါဟာ သေစေနိုင်သောရောဂါတစ်မျိုးဖြစ်ပြီး နိုင်ငံတိုင်းလိုလိုမှာ အရေးကြီးသောရောဂါတစ်ခုအဖြစ် သတ်မှတ်ထားကြပါတယ်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးရဲ့ ၁၉၉၅-၂၀၀၄ ခုနှစ်အကြား ပျမ်းမျှစာရင်းအရ မြန်မာနိုင်ငံဟာ ခွေးရူးရောဂါကြောင့် တစ်နှစ်ကို လူပေါင်း ၁၁၀၀ ခန့် သေဆုံးနေတယ်လို့ သိရှိရပါတယ်။ ခွေးရူးရောဂါဟာ ခွေးရူးရောဂါဗိုင်းရပ်စ်ပိုးကြောင့် ခွေးမျိုးနွယ်များတွင် အဓိကဖြစ်ပွားပြီးတော့ အခြားနို့တိုက်သတ္တဝါများကိုလည်း ကူးစက်လေ့ရှိပါတယ်။ ခွေးရူးကိုက်ခံရသောလူအများစုမှာ အချိန်ကာလအားဖြင့် နှစ်ပတ်မှသုံးလအတွင်း ပေါ်ပေါက်လေ့ရှိပြီးတော့ တစ်ခါတရံမှာ ခြောက်နှစ်ကျော်မှသာ ရောဂါလက္ခဏာပြလာတဲ့အတွက် အင်မတန်မှကြောက်စရာကောင်းသော ရောဂါတစ်ခုဖြစ်ပါတယ်။ လူများမှာ ခွေးရူးရောဂါဖြစ်ပွားပြီးတော့ လက္ခဏာစတင်ပေါ်ပေါက်လာက ပျောက်ကင်းစေနိုင်သောဆေးဝါး ယနေ့အချိန်အထိ မရှိသေးပါဘူး။ အရေးကြီးသောရောဂါတစ်ခုအဖြစ် သတ်မှတ်ထားကြသော်လည်း ကျွန်တော်တို့နိုင်ငံအပါအဝင် နိုင်ငံပေါင်း ၁၅၀ ခန့်မှာ ခွေးရူးရောဂါများ ဖြစ်ပွားနေဆဲဖြစ်ပါတယ်။ ယနေ့အချိန်အထိ မထိန်းချုပ်နိုင်သေးတာ တွေ့ရှိရပါတယ်။ ခွေးရူးရောဂါကို အန္တရာယ်မရှိသောနိုင်ငံ၊ အန္တရာယ်နည်းသောနိုင်ငံ၊ အန္တရာယ်များသောနိုင်ငံအဖြစ် အုပ်စုသုံးမျိုးခွဲကာ အင်္ဂလန်နိုင်ငံ ပြည်သူ့ကျန်းမာရေးဌာနက ဖော်ပြထားတာကို တွေ့ရှိရပါတယ်။ မည်သည့်တိရစ္ဆာန်မှ မဖြစ်တဲ့အချိန်မှာ မဖြစ်တဲ့နိုင်ငံကိုတော့ အန္တရာယ်မရှိသောနိုင်ငံအဖြစ် သတ်မှတ်ပါတယ်။ တောရိုင်းတိရစ္ဆာန်များ ခွေးရူးရောဂါဖြစ်ပွားသော်လည်း အိမ်မွေးတိရစ္ဆာန်များမှာ ခွေးရူးရောဂါ မဖြစ်ပွားပါက အန္တရာယ်နည်းသောနိုင်ငံအဖြစ် သတ်မှတ်ပါတယ်။ တောရိုင်းတိရစ္ဆာန်များရော၊

အိမ်မွေးတိရစ္ဆာန်များပါ ခွေးရူးရောဂါဖြစ်လေ့ရှိသော နိုင်ငံများကိုတော့ အန္တရာယ်များသောနိုင်ငံ အဖြစ် သတ်မှတ်ပါတယ်။ နှစ်စဉ် ခွေးရူးရောဂါကြောင့် လူသေဆုံးမှုအများဆုံးနိုင်ငံများစာရင်းကို တွေ့ရှိရပါတယ်။ အိန္ဒိယ၊ ပါကစ္စတန်၊ တရုတ်၊ ဘင်္ဂလားဒေ့ရှ်၊ ဗီယက်နမ်၊ မြန်မာ၊ ဖိလစ်ပိုင်၊ သီရိလင်္ကာ၊ အင်ဒိုနီးရှား၊ ယူကန်ဒါ စတဲ့ ၁၀ နိုင်ငံဟာ ခွေးရူးရောဂါကြောင့် လူသေဆုံးမှုအများဆုံး သောနိုင်ငံများ ဖြစ်ပါတယ်။ မြန်မာနိုင်ငံဟာ ခွေးရူးရောဂါ အန္တရာယ်အများဆုံးနိုင်ငံများစာရင်းမှာ ပါဝင်ပြီးတော့ လူသေဆုံးမှုများသောနိုင်ငံများစာရင်းတွင်လည်း ပါဝင်ပါတယ်။ တစ်ကမ္ဘာလုံးမှာ ခွေးကောင်ရေ ၅၂၅ သန်းခန့်ရှိကြောင်း ဖော်ပြထားတာကိုတွေ့ရှိရပြီးတော့ ငါးပုံတစ်ပုံခန့်ဟာ ခွေးလေခွေးလွင့်များဖြစ်ကြောင်း သိရှိရပါတယ်။ မြန်မာနိုင်ငံမှာ ခွေးကောင်ရေစုစုပေါင်း လေးသန်းခန့်ရှိကြောင်း ခန့်မှန်းဖော်ပြထားတာကိုလည်း တွေ့ရှိရပါတယ်။ ပိုင်ရှင်ရှိခွေးများကို ခွေးပိုင်ရှင်များက ခွေးရူးကာကွယ်ဆေး မဖြစ်မနေထိုးပေးထားကြရန်လိုအပ်ကြောင်း သိရှိရန်လိုအပ် ပါတယ်။ ထို့အတူ ထိုးရန်လည်းလိုအပ်ပါတယ်။ ပိုင်ရှင်မဲ့ခွေးလေခွေးလွင့်များကို ခွေးရူးကာကွယ်ဆေး ထိုးပေးနိုင်မှသာ ခွေးရူးရောဂါကင်းစင်ရေး အောင်မြင်စွာဆောင်ရွက်နိုင်မှာဖြစ်ပါတယ်။ လူများမှာ ခွေးရူးရောဂါမဖြစ်ပွားစေရေးအတွက် ခွေးများတွင် ခွေးရူးရောဂါကာကွယ်ဆေးထိုးပေးခြင်းလုပ်ငန်း ဟာ အဓိကကျသော လုပ်ငန်းဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံဟာ ခွေးရူးရောဂါပပျောက်ရေးအတွက် ဆိုရင် ခွေးလေခွေးလွင့်နှင့် ခွေးအားလုံးကို ခွေးရူးကာကွယ်ဆေးထိုးခြင်းကို လုပ်ဆောင်ကြရမှာ ဖြစ်ပါတယ်။ ခွေးအားလုံးရဲ့ ၇၀ ရာခိုင်နှုန်းကို ခွေးရူးကာကွယ်ဆေးထိုးခြင်း ဆောင်ရွက်နိုင်ပါက ခွေးရူးရောဂါကို များစွာလျှော့ချနိုင်မည်ဖြစ်ကြောင်း သိရှိရပါတယ်။ အာဆီယံလမ်းပြမြေပုံအရ အာဆီယံဒေသအတွင်းနိုင်ငံများမှာလည်း ခွေးရူးရောဂါကင်းစင်ရေးဆောင်ရွက်ရန် သဘောတူညီမှု ထားရှိပြီးဖြစ်ကြောင်းလည်း သိရှိရပါတယ်။ မြန်မာနိုင်ငံအနေဖြင့်လည်း ခွေးရူးရောဂါ လျော့နည်း ကျဆင်းစေရေးအတွက် အစိုးရဌာနများ၊ ပြည်တွင်းပြည်ပအဖွဲ့အစည်းများ၊ ပညာရှင်များအားလုံး ဝိုင်းဝန်းပူးပေါင်းလုပ်ဆောင်ရန် လိုအပ်ပါတယ်။ ခွေးရူးရောဂါကင်းစင်ခြင်းကြောင့် သေဆုံးမှု လျော့နည်းပပျောက်စေရန် မိမိတို့ပတ်ဝန်းကျင်တွင် ခွေးရူးရောဂါကင်းစင်စေရန်အတွက် စီမံချက် ချကာ အစိုးရဌာနများ၊ ပြည်တွင်းပြည်ပအဖွဲ့အစည်းများ၊ ပညာရှင်များအားလုံး ဝိုင်းဝန်းလုပ်ဆောင် ရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုအား ထောက်ခံဆွေးနွေးအပ်ပါတယ်။ အားလုံး ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မင်းလှမဲဆန္ဒနယ်မှ ဒေါက်တာ သန်းအောင်စိုး တင်သွင်းသွားတဲ့အဆိုကို လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံသွားပါတယ်။ အဆိုနှင့်စပ်လျဉ်းပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၆၈ နည်းဥပဒေခွဲ(ခ) နည်းဥပဒေခွဲငယ်(၃)အရ လက်ခံဆွေးနွေးရန်သင့်/မသင့် လွှတ်တော်ရဲ့ဆန္ဒရယူပါမယ်။ ဒေါက်တာ သန်းအောင်စိုး တင်သွင်းသွားတဲ့အဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်းတိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကသဘောတူပါသည်။]

**မူကြမ်း**

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် ဒေါက်တာဦးသန်းအောင်စိုး မင်းလှမဲဆန္ဒနယ်က တင်သွင်းသော လူနှင့်တိရစ္ဆာန်များတွင် ခွေးရူးရောဂါ ဖြစ်ပွားမှုလျော့နည်းကျဆင်းရေးအတွက် ဌာနဆိုင်ရာများ၊ ပြည်တွင်းပြည်ပအဖွဲ့အစည်းများအားလုံး ပူးပေါင်းလျက် စီမံချက်ချမှတ်ရေးဆွဲပြီး ဆောင်ရွက်ရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို လက်ခံဆွေးနွေးရန်ဆုံးဖြတ်ကြောင်း ကြေညာပါတယ်။

## ဒေါက်တာသန်းအောင်စိုး၊ မင်းလှမဲဆန္ဒနယ်က တင်သွင်းသည့်အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလို သည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌကကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ ယင်းအဆိုနှင့်စပ်လျဉ်းပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၆၈ နည်းဥပဒေခွဲ(ခ)နည်းဥပဒေခွဲငယ်(၅)အရ ဆွေးနွေးမယ့်လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ ၂၄-၁-၂၀၁၉ ရက် ကြာသပတေးနေ့ ညနေ(၄)နာရီနောက်ဆုံးထားပြီး ပြည်သူ့လွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းရန် ဖြစ်ပါတယ်။

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်(၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး တတိယနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး စတုတ္ထနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၉ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး တတိယနေ့ကို ရပ်နားပါ မယ်။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက်(သောကြာနေ့) နံနက် ၁၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်း နဲ့ ယနေ့ အစည်းအဝေးပြီးဆုံးကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်။ ၁၁း၁၀။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး တတိယနေ့ကို ၁၁း၁၀ နာရီအချိန်တွင် ရပ်နားပါသည်။]

# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁) ကြိမ်မြောက်ပုံမှန်အစည်းအဝေး တတိယနေ့ (၂၃.၁.၂၀၁၉) ရက်နေ့တွင် မေးမြန်းဖြေကြားခဲ့သည့် ပုဂ္ဂိုလ်များ




U Nyi Tun    U Thant Zin Tun




U Hla Kyaw    U Thein Tun




U Hla Kyaw    Dr Aye Kyu




U Kyaw Myo    U Wan Hla




U Kyaw Myo    U Aung Sein




U Kyaw Myo    U Aung Kyaw Kyaw Oo

# ပြည်သူ့လွှတ်တော်

ပြည်သူ့အသံ လွှတ်တော်အသံ

ပြည်သူ့ဆန္ဒ လွှတ်တော်ဆန္ဒ

ပြည်သူတို့မျှော်လင့်ချက် လွှတ်တော်က ဖော်ဆောင်ရွက်